မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


အမှတ် ၂၇ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် ( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

**၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် [၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၁) ရက်] နေ့တွင် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် )

**ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီတွင် အဖွဲ့ဝင် ပြင်ဆင်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီတွင် အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန (၄) အစား ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန (၄) အား ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် )

**တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီတွင် အတွင်းရေးမှူး ပြင်ဆင်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီတွင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစား ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအား ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

**လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **"လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) ဒုတိယသမ္မတ (၂) ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ
သမ္မတရုံးဝန်ကြီးဌာန (၄)

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သမ္မတရုံးဝန်ကြီးဌာန (၁)

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သမ္မတရုံးဝန်ကြီးဌာန (၂)

(ဇ) ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ရဲချုပ်
ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

**ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃) နှင့် ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၃) တို့ဖြင့် ဖွဲ့စည်းခဲ့သော **"ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) နိုင်ငံတော်သမ္မတ နာယက

(ခ) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သမ္မတရုံးဝန်ကြီးဌာန (၄)

(င) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

**စီးပွားရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **"စီးပွားရေးရာကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) နိုင်ငံတော်သမ္မတ နာယက

(ခ) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
သမ္မတရုံးဝန်ကြီးဌာန (၃)

(ဂ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ပ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

## ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **"ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပ) ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(ဖ) ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး (၁)

(ဗ) ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

## တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၃) နှင့် ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၃) တို့ဖြင့် ဖွဲ့စည်းခဲ့သော **"တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန (၆) — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး သာသနာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုဝန်ကြီး သမဝါယမဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဆ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ထ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

### အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက် )

### ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့အရ ဖွဲ့စည်းသည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်း

ဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ညွှန်ကြားချက်အမှတ် (၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

**နိုင်ငံရေးပါတီများ ပူးပေါင်း၍ ပါတီတစ်ခုအဖြစ် တည်ထောင်ဖွဲ့စည်းခြင်းကိစ္စ**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီတချို့သည် ပါတီတစ်ခုနှင့်တစ်ခု ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်လျက် ပါတီလုပ်ငန်းများကို ဆောင်ရွက်သွားလိုကြောင်း တင်ပြလာသဖြင့် ယင်းကိစ္စကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသောပါတီများ ပူးပေါင်းလျက် ပါတီတစ်ခုတည်းအဖြစ် တည်ထောင်ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါက ယင်းပါတီအသီးသီး၏ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများကိုယ်တိုင် လက်မှတ်ရေးထိုး၍ ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင်သို့ ပါတီပူးပေါင်းခွင့် တင်ပြလျှောက်ထားရမည်။

၃။ အပိုဒ် ၂ အရ လျှောက်ထားသည့်အခါ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည် -

(က) ပါတီများ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ပြုပေးရန် သဘောတူကြောင်း သက်ဆိုင်ရာပါတီအသီးသီး၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများ၊

(ခ) ပါတီများ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ရရှိပါက သက်ဆိုင်ရာပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများအားလုံးသည် ပူးပေါင်းတည်ထောင်သည့်ပါတီ၏ ပါတီပိုင်ပစ္စည်းများ ဖြစ်စေရမည်ဟူသော ဝန်ခံချက်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အပိုဒ် ၂ ပါ လျှောက်ထားချက်ကို စိစစ်ပြီး သင့်လျော်သည်ဟု သဘောရရှိပါက ယင်းသို့ ပါတီများ ပူးပေါင်းတည်ထောင်ရန် ခွင့်ပြုကြောင်း သက်ဆိုင်ရာပါတီအသီးသီးသို့ အကြောင်းပြန်ကြားမည်။

၅။ အပိုဒ် ၄ ပါ ကော်မရှင်၏ အကြောင်းပြန်ကြားချက်ရရှိသောအခါ ပူးပေါင်းဖွဲ့စည်းမှတ်ပုံတင်မည့်ပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ ပါအတိုင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ ပုဒ်မ ၅ အရ လျှောက်ထားခြင်းဖြစ်သော်လည်း ပါတီမှတ်ပုံတင်ကြေး ထပ်မံပေးသွင်းရန်မလို။

၆။ အပိုဒ် ၅ အရ တင်ပြလာသော ပါတီ၏အမည်၊ အလံနှင့် တံဆိပ်တို့သည် သက်ဆိုင်ရာပါတီတစ်ခုခုက ဤကော်မရှင်ရုံးတွင် မှတ်ပုံတင်ထားပြီးဖြစ်သည့် အမည် သို့မဟုတ် အလံ သို့မဟုတ် တံဆိပ်မဟုတ်ဘဲ အခြားအမည် သို့မဟုတ် အလံ သို့မဟုတ် တံဆိပ် တစ်ခုခုဖြစ်ခဲ့လျှင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ လျှောက်လွှာအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်၍ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံပါက တင်ပြရမည်။ ထို့ပြင် လိုအပ်ချက်အရ ရှင်းလင်းတင်ပြရန် ခေါ်ယူပါက ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့ကိုယ်တိုင် လာရောက်ရှင်းလင်းတင်ပြရမည်။

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အပိုဒ် ၅ အရ တင်ပြသော လျှောက်လွှာကို လက်ခံခွင့်ပြုပြီး လျှောက်ထားသည့်အတိုင်း ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်အခါ သက်ဆိုင်ရာနိုင်ငံရေးပါတီ များ၏ ယခင်မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သွားမည်ဖြစ်သည်။

၉။ ပါတီများ ပူးပေါင်း၍ နိုင်ငံရေးပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အကြောင်းကြားစာကို ရရှိသည့်အခါ သက်ဆိုင်ရာနိုင်ငံရေးပါတီအသီးသီးသည် ယင်းတို့ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို ပါတီတစ်ခုတည်းအဖြစ် တည်ထောင်ဖွဲ့စည်းသည့် ပါတီပိုင်ပစ္စည်းများအဖြစ် လွှဲပြောင်းရယူ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၀။ ပါတီများ ပူးပေါင်း၍ နိုင်ငံရေးပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အကြောင်းကြားလိုက်သည့်နေ့မှစ၍ ယင်းပါတီနှင့် ပါတီဝင်များအားလုံးသည် တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ယင်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

၁၁။ သက်ဆိုင်ရာပါတီတစ်ခုခုကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော ပြည်သူ့ လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးသည် ပူးပေါင်းတည်ထောင်လိုက်သည့်ပါတီကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်ဟု၍ မှတ်ယူရမည်။ အကယ်၍ ယင်းလွှတ်တော်ကိုယ်စားလှယ်သည် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ ရပ်တည် လိုကြောင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်။

၁၂။ ပါတီများ ပူးပေါင်း၍ နိုင်ငံရေးပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပါတီရှိ ပါတီဝင်များ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ယင်းပါတီ၏တာဝန်သာ ဖြစ်စေရမည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက် )

**မြေ (၁. ၄၈၅) ဧကရှိ ပဒေသာရုပ်ရှင်ရုံ၊ အမှတ် (၁၆၇)၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် မြေ (၁. ၄၈၅) ဧကရှိ ပဒေသာရုပ်ရှင်ရုံ၊ အမှတ် (၁၆၇)၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးမောင်မောင်တင် + ဦးဘရွှေ + ဦးမျိုးထွေးတို့သို့ ကျပ် (၂၀၅၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ဦးဘရွှေမှ ဦးမောင်မောင်တင် + ဦးမျိုးထွေးသို့ မိမိဆန္ဒအလျောက် စွန့်လွှတ်ပါကြောင်း ကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ရှေ့မှောက်တွင် ကတိဝန်ခံချက်အား ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၃။ ဦးမောင်မောင်တင် + ဦးမျိုးထွေးတို့သည် မြေ (၁. ၄၈၅) ဧကရှိ ပဒေသာရုပ်ရှင်ရုံ၊ အမှတ် (၁၆၇)၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွက် တန်ဖိုးငွေကျပ် (၂၀၅၀) သန်းကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် အကျေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် မြေ (၁. ၄၈၅) ဧကရှိ ပဒေသာရုပ်ရှင်ရုံ၊ အမှတ် (၁၆၇)၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးမောင်မောင်တင် + ဦးမျိုးထွေးတို့သို့ စနစ်တကျလွှဲပြောင်းပေးရန်ဖြစ်သည်။

၅။ မြေ (၁. ၄၈၅) ဧကရှိ ပဒေသာရုပ်ရှင်ရုံ၊ အမှတ် (၁၆၇)၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးမောင်မောင်တင် + ဦးမျိုးထွေးတို့၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

ဒေါက်တာကံဇော်

အတွင်းရေးမှူး

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက် )

**မြေ (၃၂. ၂၉၆) ဧကရှိ ဆပ်ပြာစက်ရုံအမှတ် (၁)၊ အုတ်ကျင်းဘူတာရုံလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ (၁၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၂/၂၀၁၀) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းပိုင် မြေ (၃၅. ၅၂၄) ဧကရှိ ဆပ်ပြာစက်ရုံအမှတ် (၁)၊ အုတ်ကျင်းဘူတာရုံလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ (၁၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို New General Co., Ltd. သို့ ကျပ် (၃၅၀၀၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၄/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဆပ်ပြာစက်ရုံအမှတ် (၁) ရှိ ဆီသားသိုလှောင်ရုံ (၉) လုံးအား ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ် ရုံးသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သဖြင့် ဝယ်ယူခွင့်ပြုသည့်တန်ဖိုးအား ကျပ် (၃၄၆၀၆. ၄၈၈) သန်းဖြင့် ပြန်လည် သတ်မှတ်ခဲ့ပါသည်။

၃။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၄/၂၀၁၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁/ ၂၀၁၁) ပါ စာပိုဒ်အမှတ် (၁) ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

> "၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၄/၂၀၁၂) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းပိုင် မြေ (၃၂. ၂၉၆) ဧကရှိ ဆပ်ပြာစက်ရုံအမှတ် (၁)၊ အုတ်ကျင်း ဘူတာရုံလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ (၁၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို New General Co., Ltd. သို့ ကျပ် (၃၁၇၉၅. ၅၀၄) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။"

အမိန့်အရ

ဒေါက်တာကံဇော်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက် )

**အမှတ် (၁)၊ အင်းယားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၄၆၅) ဧကနှင့်အဆောက်အဦအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။　၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာနပိုင် အမှတ် (၁)၊ အင်းယားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၄၆၅) ဧကနှင့်အဆောက်အဦအား ဦးမြင့်စိုး + (၂) သို့ ကျပ် (၂၀၄၀၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။　ဦးမြင့်စိုးနှင့် ဒေါ်နန်းလင်းလင်းထွန်းတို့မှ ပူးတွဲဝယ်ယူခွင့်ရရှိထားသော အမှတ် (၁)၊ အင်းယားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၄၆၅) ဧကနှင့် အဆောက်အဦအား ဦးမြင့်စိုးမှ ဒေါ်နန်းလင်းလင်းထွန်းသို့ အပြီးအပိုင်စွန့်လွှတ်ကြောင်းနှင့် ဒေါ်နန်းလင်းလင်းထွန်းမှ တစ်ဦးတည်းသာပိုင်ဆိုင်ပါကြောင်း ၂၀၁၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျမ်းကျိန်ထွက်ဆိုခဲ့ပြီးဖြစ်ပါသည်။

၃။　ဒေါ်နန်းလင်းလင်းထွန်းသည် အမှတ် (၁)၊ အင်းယားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၄၆၅) ဧကနှင့်အဆောက်အဦအတွက် တန်ဖိုးငွေကျပ် (၂၀၄၀၀) သန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် အကျေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၄။　သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာနပိုင် အမှတ် (၁)၊ အင်းယားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၄၆၅) ဧကနှင့်အဆောက်အဦအား ဒေါ်နန်းလင်းလင်းထွန်းသို့ စနစ်တကျလွှဲပြောင်းပေးရန်ဖြစ်သည်။

၅။　အမှတ် (၁)၊ အင်းယားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ (၁. ၄၆၅) ဧကနှင့်အဆောက်အဦကို ဝယ်ယူသူ ဒေါ်နန်းလင်းလင်းထွန်း၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။　ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

ဒေါ်က်တာကံဇော်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက် )

**မြေ (၂. ၇၅၄) ဧကရှိ သားရေပစ္စည်းစက်ရုံ၊ (၆) မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းပိုင် မြေ (၂. ၇၅၄) ဧကရှိ သားရေပစ္စည်းစက်ရုံ၊ (၆) မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဒေါ်ဝါဝါဇော် + (၂) သို့ ကျပ် (၄၅၀၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ဒေါ်ဝါဝါဇော် + ဒေါ်သန်းသန်းစိန် + ဒေါ်ခင်ညို (၃) ဦးအနက် ဒေါ်ခင်ညို တစ်ဦးတည်းအမည်ဖြင့် ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်းနှင့် ဒေါ်ဝါဝါဇော် + ဒေါ်သန်းသန်းစိန်တို့မှ ၎င်းတို့၏အခွင့်အရေးကို စွန့်လွှတ်ပါကြောင်း ကော်မရှင်ကိုယ်စားလှယ်အဖွဲ့ရှေ့မှောက်တွင် ကတိဝန်ခံချက်အား ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၃။ ဒေါ်ခင်ညိုသည် မြေ (၂. ၇၅၄) ဧကရှိ သားရေပစ္စည်းစက်ရုံ၊ (၆) မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွက် တန်ဖိုးငွေကျပ် (၄၅၀၀) သန်းကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အကျေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းပိုင် မြေ (၂. ၇၅၄) ဧကရှိ သားရေပစ္စည်းစက်ရုံ၊ (၆) မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဒေါ်ခင်ညိုသို့ စနစ်တကျလွှဲပြောင်းပေးရန်ဖြစ်သည်။

၅။ မြေ (၂. ၇၅၄) ဧကရှိ သားရေပစ္စည်းစက်ရုံ၊ (၆) မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို ဝယ်ယူသူ ဒေါ်ခင်ညို၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

ဒေါက်တာကံဇော်

အတွင်းရေးမှူး

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက် )

**မြေ (၁၁. ၀၆၅) ဧကရှိသော သစ်သားထည်လုပ်ငန်းစက်ရုံခွဲ (ဘုရင့်နောင်)၊ (၁၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင် အစည်းအဝေးအမှတ် (၂/၂၀၁၀) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းပိုင် မြေ (၁၁. ၀၆၅) ဧကရှိသော သစ်သားထည်လုပ်ငန်းစက်ရုံခွဲ (ဘုရင့်နောင်)၊ (၁၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို ဦးသီဟအောင်သို့ ကျပ် (၁၆၆၀၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ဦးသီဟအောင်သည် ဒေါ်နန်းလင်းလင်းထွန်းနှင့် အကျိုးတူလုပ်ငန်းဆောင်ရွက်သူဖြစ်ပါ၍ [(ဦးသီဟအောင် ၄၁ ရာခိုင်နှုန်း) + (ဒေါ်နန်းလင်းလင်းထွန်း ၅၉ ရာခိုင်နှုန်း)] ဖြင့် ပူးတွဲပိုင်ဆိုင်မှု အမည်ပေါက် ဆောင်ရွက်ပါကြောင်းကို ကော်မရှင်ကိုယ်စားလှယ်အဖွဲ့ရှေ့မှောက်တွင် သဘောတူညီချက်အား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၃။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၁/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၀) ပါ စာပိုဒ်အမှတ် (၁) ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

"၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၃) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းပိုင် မြေ (၁၁. ၀၆၅) ဧကရှိသော သစ်သားထည်လုပ်ငန်းစက်ရုံခွဲ (ဘုရင့်နောင်)၊ (၁၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား မြေကွက်အမှတ် (၁/က ၂ A) ဧရိယာ (၄. ၅၃၂၅) ဧကအတွက် ဦးသီဟအောင်အမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ် (၁/က ၂ B) ဧရိယာ (၆. ၅၃၂၅) ဧကအတွက် ဒေါ်နန်းလင်းလင်းထွန်းအမည်ဖြင့်လည်းကောင်း ကျပ် (၁၆၆၀၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။"

အမိန့်အရ

ဒေါက်တာကံဇော်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၄၄၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက် )

၁။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်ရှိ ကျေးရွာအုပ်စု (၃၄) အုပ်စုမှ ကျေးရွာ (၅၃) ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု (၅) အုပ်စုမှ ကျေးရွာ (၆) ရွာ ပယ်ဖျက်ခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **ကျေးရွာအုပ်စုနှင့်ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်း**

| **ကျေးရွာအုပ်စု** | **မူလကျေးရွာများ** | **ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ** |
|---|---|---|
| (၁) တမန်းသား | (၁) တမန်းသား (ကုလား) | (၁) တမန်းသား (ကုလား) |
| | (၂) တမန်းသား အရှေ့ (ကုလား) | (၂) တမန်းသား အရှေ့ (ကုလား) |
| | (၃) တမန်းသား (ဗိုလ်မှူးကြီးသက်) | (၃) တမန်းသား (ဗိုလ်မှူးကြီးသက်) |
| | (၄) ဖောင်ဆိပ် | (၄) ဖောင်ဆိပ် |
| | (၅) တမန်းသား ဈေးနား | (၅) တမန်းသား ဈေးနား |
| | (၆) တမန်းသား အနောက် (ရခိုင်) | (၆) တမန်းသား အနောက် (ရခိုင်) |
| | (၇) တမန်းသား ဗိုလ်မှူးကြီး | (၇) တမန်းသား ဗိုလ်မှူးကြီး |
| | (၈) တမန်းသား သဲကုန်းတန်း | (၈) တမန်းသား သဲကုန်းတန်း |
| | (၉) **တမန်းသား (မြို)** | (၉) **မင်္ဂလာညွန့် (နတလ)** |
| | (၁၀) **တမန်းသားတောင်** | |
| (၂) သရက်အုပ် | (၁) သရက်အုပ် | (၁) သရက်အုပ် |
| | (၂) ပီယေ | (၂) ပီယေ |
| | (၃) အဘူဂျာ | (၃) အဘူဂျာ |
| | (၄) ဒါးကြီးဇား | (၄) ဒါးကြီးဇား |
| | (၅) မင်္ဂလာ အာရှိတ်ကျာ | (၅) မင်္ဂလာ အာရှိတ်ကျာ |
| | (၆) **ငတိုး** | |
| (၃) လှပိုးခေါင် | (၁) လှပိုးခေါင် | (၁) လှပိုးခေါင် |
| | (၂) **ရှိန်ခါလီ** | |
| (၄) တောင်ပြိုလက်ျာ | (၁) တောင်ပြိုလက်ျာ | (၁) တောင်ပြိုလက်ျာ |
| | (၂) **ဒိုင်းနက်ရွာသစ်** | |
| (၅) လိပ်ရ | (၁) လိပ်ရဖုံးကားရာ | (၁) လိပ်ရဖုံးကားရာ |
| | (၂) လိပ်ရ (အလယ်) | (၂) လိပ်ရ (အလယ်) |

| ကျေးရွာအုပ်စု | မူလကျေးရွာများ | ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ |
|---|---|---|
| | (၃) လိပ်ရ (တောင်) | (၃) လိပ်ရ (တောင်) |
| | (၄) **လိပ်ရဖာရီ** | |
| (၆) အင်တူလာ | (၁) အင်တူလာ | (၁) အင်တူလာ |
| | (၂) ဘော်တူလာ | (၂) ဘော်တူလာ |
| | | (၃) **အောင်ချမ်းသာ** |
| | | (၄) **ကိုးအိမ်စု** |
| (၇) တပ်ချောင်း | (၁) တပ်ချောင်း | (၁) တပ်ချောင်း |
| | (၂) ဖာဇေဒါ | (၂) ဖာဇေဒါ |
| | (၃) မြို | (၃) မြို |
| | | (၄) **ရွှေတိုင် (ရခိုင်)** |
| | | (၅) **ကူကွေး (သက်)** |
| (၈) ကာလာဒေးဖက် | (၁) ကာလာဒေးဖက် | (၁) ကာလာဒေးဖက် |
| | (၂) အနောက်တန်းချောင်း | (၂) အနောက်တန်းချောင်း |
| | (၃) ဂူမီရာ | (၃) ဂူမီရာ |
| | (၄) နော်ယာ | (၄) နော်ယာ |
| | (၅) ဆန်ဆူရီ | (၅) ဆန်ဆူရီ |
| | (၆) အောင်သပြေ | (၆) အောင်သပြေ |
| | | (၇) **ရန်ခါစေတီ** |
| (၉) ရဲအောင်စံရပ္ပေ | (၁) ရဲအောင်စံရပ္ပေ | (၁) ရဲအောင်စံရပ္ပေ |
| | (၂) ဘွင်း (ဘောင်း) | (၂) ဘွင်း (ဘောင်း) |
| | (၃) မာဇေ | (၃) မာဇေ |
| | (၄) မြို (ရဲအောင်ချောင်း) | (၄) မြို (ရဲအောင်ချောင်း) |
| | | (၅) **ရေချမ်းချောင်း** |
| | | (၆) **သုပဏ္ဏက (မြို)** |
| (၁၀) အောင်ဇံ | (၁) အောင်ဇံ | (၁) အောင်ဇံ |
| | (၂) ရှီးဒါး | (၂) ရှီးဒါး |
| | (၃) ကြောင်တိုး | (၃) ကြောင်တိုး |
| | | (၄) **အောင်ဇံ (ဒိုင်းနက်)** |
| (၁၁) ခမောင်းဆိပ် | (၁) အရှေ့ခမောင်းဆိပ် | (၁) အရှေ့ခမောင်းဆိပ် |
| | (၂) အစ်ကျော် | (၂) အစ်ကျော် |
| | (၃) မီးကျောင်းချောင်း | (၃) မီးကျောင်းချောင်း |
| | (၄) အနောက်ခမောင်းဆိပ် | (၄) အနောက်ခမောင်းဆိပ် |
| | (၅) ရဲဘောက်ကျာ | (၅) ရဲဘောက်ကျာ |
| | (၆) တိုင်းဘဂ်ါ | (၆) တိုင်းဘဂ်ါ |
| | | (၇) **မင်းခမောင်း (နတလ)** |
| (၁၂) ငါးရန့်ချောင်း | (၁) ငါးရန့်ချောင်း | (၁) ငါးရန့်ချောင်း |
| | (၂) မှိုင်းစရီ | (၂) မှိုင်းစရီ |
| | | (၃) **ကသည်း (နတလ)** |
| (၁၃) သစ်တုံးနားခွဆုံ | (၁) သစ်တုံးနားခွဆုံ | (၁) သစ်တုံးနားခွဆုံ |
| | (၂) သစ်တုံးနားလေးမြို့ | (၂) သစ်တုံးနားလေးမြို့ |

| ကျေးရွာအုပ်စု | မူလကျေးရွာများ | ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ |
|---|---|---|
| | (၃) လက်ယာချောင်း | (၃) လက်ယာချောင်း |
| | | (၄) **အိုးထိန်း** |
| | | (၅) **လိပ်ချောင်း** |
| | | (၆) **ဘန်ဒိုက်** |
| | | (၇) **ခရုချောင်း** |
| | | (၈) **ကုန်း** |
| | | (၉) **ခမောင်း** |
| | | (၁၀) **မျောက်ခေါင်းတောင်** |
| | | (၁၁) **ပန်းချောင်း** |
| | | (၁၂) **အင်းချောင်း (အထက်)** |
| | | (၁၃) **အင်းချောင်း (အောက်)** |
| | | (၁၄) **ကျောက်လုံး** |
| | | (၁၅) **ပျားရည်** |
| (၁၄) နန်းရာကိုင်း | (၁) နန်းရာကိုင်း | (၁) နန်းရာကိုင်း |
| | | (၂) **နန်းရာကိုင်း (နတလ)** |
| (၁၅) သက်ကိုင်ညာ | (၁) သက်ကိုင်ညာ | (၁) သက်ကိုင်ညာ |
| | (၂) လောင်းဘုတ် | (၂) လောင်းဘုတ် |
| | | (၃) **သက်ကိုင်ညာ (သက်)** |
| (၁၆) စံကားပင်ရင်း | (၁) စံကားပင်ရင်း | (၁) စံကားပင်ရင်း |
| | (၂) စံကားပင်ရင်း (မြို) | (၂) စံကားပင်ရင်း (မြို) |
| | | (၃) **စံကားပင်ရင်း (ရခိုင်)** |
| (၁၇) နတ်ချောင်း | (၁) နတ်ချောင်း | (၁) နတ်ချောင်း |
| | (၂) ပဒကားတောင် | (၂) ပဒကားတောင် |
| | (၃) ဇော်ဇဒိန် | (၃) ဇော်ဇဒိန် |
| | (၄) ဂါရာပြင် | (၄) ဂါရာပြင် |
| | (၅) တပ်ချောင်း | (၅) တပ်ချောင်း |
| | (၆) လောင်းဘုတ် | (၆) လောင်းဘုတ် |
| | (၇) လဘော်ဝ | (၇) လဘော်ဝ |
| | (၈) သံဖရာ | (၈) သံဖရာ |
| | | (၉) **မြဝတီ (နတလ)** |
| (၁၈) ကြိမ်ချောင်း | (၁) ကြိမ်ချောင်း | (၁) ကြိမ်ချောင်း |
| | | (၂) **မြောက်** |
| (၁၉) ပဒကားရွာသစ် | (၁) ပဒကားရွာသစ် | (၁) ပဒကားရွာသစ် |
| | (၂) ဒုံးကုလား | (၂) ဒုံးကုလား |
| | | (၃) **ခူတိုင် (မြို)** |
| (၂၀) ဒုံးပိုက် (အောင်ဆိပ်ပြင်) | (၁) ဒုံးပိုက် | (၁) ဒုံးပိုက် |
| | (၂) ကြက်ကျိန်း | (၂) ကြက်ကျိန်း |
| | (၃) ရိုးဒါး | (၃) ရိုးဒါး |
| | (၄) ဘိုဘာ | (၄) ဘိုဘာ |
| | | (၅) **ရန်အောင်ပြင် (နတလ)** |

| ကျေးရွာအုပ်စု | မူလကျေးရွာများ | ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ |
|---|---|---|
| (၂၁) လောင်းဒုံ | (၁) လောင်းဒုံးစေတီပြင် | (၁) လောင်းဒုံးစေတီပြင် |
| | (၂) ဖော်တီကောင် | (၂) ဖော်တီကောင် |
| | (၃) ကျွန်းဂေါင်း | (၃) ကျွန်းဂေါင်း |
| | (၄) မျာဇင် | (၄) မျာဇင် |
| | (၅) ဂြစ်ချောင်း | (၅) ဂြစ်ချောင်း |
| | (၆) ဆင်သေပြင် | (၆) ဆင်သေပြင် |
| | | (၇) **လောင်းဒုံ (နတလ)** |
| | | (၈) **လောင်းဒုံ (မြို)** |
| (၂၂) ရေမျက်တောင် | (၁) ရေမျက်တောင် | (၁) ရေမျက်တောင် |
| | | (၂) **ရေမျက်တောင် (နတလ)** |
| (၂၃) ငါးခူရ | (၁) ငါးခူရ | (၁) ငါးခူရ |
| | (၂) ငါးခူရ (ကုလား) | (၂) ငါးခူရ (ကုလား) |
| | | (၃) **ဟိန္ဒူ** |
| (၂၄) ဖားဝတ်ချောင်း ရွာသစ် | (၁) ဖားဝတ်ချောင်း (ရွာသစ်) | (၁) ဖားဝတ်ချောင်း (ရွာသစ်) |
| | (၂) ဖားဝတ်ချောင်း (ရွာဟောင်း) | (၂) ဖားဝတ်ချောင်း (ရွာဟောင်း) |
| | (၃) ဝါးပြင် | (၃) ဝါးပြင် |
| | (၄) သဲချောင်း | (၄) သဲချောင်း |
| | | (၅) **ဖားဝတ်ချောင်း (စုစည်း)** |
| (၂၅) ကျီးကန်းပြင် | (၁) ကျီးကန်းပြင် (အလယ်) | (၁) ကျီးကန်းပြင် (အလယ်) |
| | (၂) ကျီးကန်းပြင် (အနောက်) | (၂) ကျီးကန်းပြင် (အနောက်) |
| | (၃) ကျီးကန်းပြင် (တောင်) | (၃) ကျီးကန်းပြင် (တောင်) |
| | (၄) ဝပိတ် | (၄) ဝပိတ် |
| | (၅) အောင်ဇေယျ (စုစည်း) | (၅) အောင်ဇေယျ (စုစည်း) |
| | | (၆) **အောင်သာယာ (နတလ)** |
| (၂၆) နွားရုံတောင် | (၁) နွားရုံတောင် | (၁) နွားရုံတောင် |
| | (၂) ရေမျက်တောင် | (၂) ရေမျက်တောင် |
| | (၃) ပြားသား | (၃) ပြားသား |
| | | (၄) **သုခမြိုင်** |
| (၂၇) မြို့သူကြီး | (၁) မြို့သူကြီး (ရာဇာဘီ) | (၁) မြို့သူကြီး (ရာဇာဘီ) |
| | (၂) ကံကျ (တောင်) | (၂) ကံကျ (တောင်) |
| | (၃) ရွာဟောင်း | (၃) ရွာဟောင်း |
| | (၄) သောင်ပိုင်ညာ | (၄) သောင်ပိုင်ညာ |
| | (၅) ကံကျ (မြောက်) | (၅) ကံကျ (မြောက်) |
| | | (၆) **ဝေသာလီ** |

| ကျေးရွာအုပ်စု | မူလကျေးရွာများ | ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ |
|---|---|---|
| (၂၈) ညောင်ချောင်း | (၁) ညောင်ချောင်း | (၁) ညောင်ချောင်း |
| | | (၂) **ရွှေရင်အေး (နတလ)** |
| (၂၉) တပ်ဦးချောင်း | (၁) တပ်ဦးချောင်း | (၁) တပ်ဦးချောင်း |
| | (၂) နူရူလာ | (၂) နူရူလာ |
| | (၃) ဖွေရာ | (၃) ဖွေရာ |
| | (၄) မာဒီလာ | (၄) မာဒီလာ |
| | (၅) တပ်ဦးချောင်း (အနောက်) | (၅) တပ်ဦးချောင်း (အနောက်) |
| | | (၆) **ကံသာယာ** |
| | | (၇) **ကံပြင် (သာစည်)** |
| (၃၀) (ဒု) ချီးရားတန်း | (၁) (ဒု) ချီးရားတန်း (အရှေ့) | (၁) (ဒု) ချီးရားတန်း (အရှေ့) |
| | (၂) တပ်ဦးချောင်း | (၂) တပ်ဦးချောင်း |
| | (၃) နူနာဆာရီ | (၃) နူနာဆာရီ |
| | (၄) (ဒု) ချီးရားတန်း (အနောက်) | (၄) (ဒု) ချီးရားတန်း (အနောက်) |
| | (၅) (ဒု) ချီးရားတန်း (တောင်) | (၅) (ဒု) ချီးရားတန်း (တောင်) |
| | (၆) (ဒု) ချီးရားတန်း (အလယ်) | (၆) (ဒု) ချီးရားတန်း (အလယ်) |
| | | (၇) **ဗောဓိကုန်း** |
| | | (၈) **ဒီပီအေ (ငြိမ်းချမ်းရေး)** |
| | | (၉) **ခရေမြိုင် (နတလ)** |
| (၃၁) ရွာသစ်ကေ (ဂေါ်ဒူသာရ) | (၁) ရွာသစ်ကေ (ဂေါ်ဒူသာရ) | (၁) ရွာသစ်ကေ (ဂေါ်ဒူသာရ) |
| | (၂) ဂေါ်ဒူသာရ (မြောက်) | (၂) ဂေါ်ဒူသာရ (မြောက်) |
| | (၃) သရေကုန်ဘောင် | (၃) သရေကုန်ဘောင် |
| | (၄) ဂေါ်ဒူသာရ (အရှေ့) | (၄) ဂေါ်ဒူသာရ (အရှေ့) |
| | (၅) ဂေါ်ဒူသာရ (အနောက်) | (၅) ဂေါ်ဒူသာရ (အနောက်) |
| | (၆) ဂေါ်ဒူသာရ (တောင်) | (၆) ဂေါ်ဒူသာရ (တောင်) |
| | | (၇) **သရေကုန်ဘောင် (နတလ)** |
| (၃၂) ဦးဒေါင်း | (၁) ဦးဒေါင်း (ကုန်တန်း) | (၁) ဦးဒေါင်း (ကုန်တန်း) |
| | (၂) ကုန်တန်း (ဦးဒေါင်းအနောက်) | (၂) ကုန်တန်း (ဦးဒေါင်းအနောက်) |
| | (၃) ဖာတီ (ဝါ) ကိုရီ | (၃) ဖာတီ (ဝါ) ကိုရီ |
| | (၄) ဇုံမာ | (၄) ဇုံမာ |
| | (၅) အရှေ့ | (၅) အရှေ့ |

| ကျေးရွာအုပ်စု | မူလကျေးရွာများ | ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ |
|---|---|---|
| | (၆) မြောက် | (၆) မြောက် |
| | | (၇) **ဦးဒေါင်း (နတလ)** |
| (၃၃) ဝါးချ | (၁) ဝါးချ | (၁) ဝါးချ |
| | (၂) သောင်းပိုင်ညာ | (၂) သောင်းပိုင်ညာ |
| | | (၃) **မောရဝတီ (နတလ)** |
| (၃၄) ဇော်မတက် | (၁) ဇော်မတက် | (၁) ဇော်မတက် |
| | (၂) ဒဂ်ီး | (၂) ဒဂ်ီး |
| | (၃) ဆော်ဂီနာ (ဆင်နမား) | (၃) ဆော်ဂီနာ (ဆင်နမား) |
| | (၄) လင်ဘာကုန်းနား | (၄) လင်ဘာကုန်းနား |
| | (၅) ဟင်းသာရ | (၅) ဟင်းသာရ |
| | | (၆) **ကိုင်းကြီး (ရခိုင်)** |
| | | (၇) **ကိုင်းကြီး (နတလ)** |
| (၃၅) ကျောက်ပန္နူ | (၁) ကျောက်ပန္နူ | (၁) ကျောက်ပန္နူ |
| | (၂) ဟိုကေဒေကုန်းနား | (၂) ဟိုကေဒေကုန်းနား |
| | (၃) စေတီ | (၃) စေတီ |
| | | (၄) **ကျောက်ပန္နူ (နတလ)** |
| (၃၆) အင်းဒင် | (၁) အင်းဒင် (အရှေ့) | (၁) အင်းဒင် (အရှေ့) |
| | (၂) အင်းဒင် (အနောက်) | (၂) အင်းဒင် (အနောက်) |
| | (၃) အင်းဒင် (အလယ်) | (၃) အင်းဒင် (အလယ်) |
| | (၄) အင်းဒင် (ရခိုင်) | (၄) အင်းဒင် (ရခိုင်) |
| | | (၅) **ပဲရုံ (နတလ)** |
| (၃၇) မောင်နှမ | (၁) မောင်နှမ (ကြီး) | (၁) မောင်နှမ (ကြီး) |
| | (၂) မောင်နှမ (ငယ်) | (၂) မောင်နှမ (ငယ်) |
| | (၃) မေဇီတူလာ | (၃) မေဇီတူလာ |
| | (၄) ကျောက်ချောင်း | (၄) ကျောက်ချောင်း |
| | | (၅) **အောင်မင်္ဂလာ (နတလ)** |
| (၃၈) သဲချောင်း | (၁) သဲချောင်း မော်လဘီ | (၁) သဲချောင်း မော်လဘီ |
| | (၂) သဲချောင်းဖာရီ | (၂) သဲချောင်းဖာရီ |
| | (၃) မူထီ | (၃) မူထီ |
| | (၄) သဘော်လှ (ရခိုင်) | (၄) သဘော်လှ (ရခိုင်) |
| | (၅) ဇိုင်တာခါလီ | (၅) ဇိုင်တာခါလီ |
| | (၆) သဘော်လှ (ကုလား) | (၆) သဘော်လှ (ကုလား) |
| | (၇) ကျွန်းတောင် | (၇) ကျွန်းတောင် |
| | | (၈) **သာယာကုန်း** |

၂။ အထက်ဖော်ပြပါအတိုင်း ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်ရှိ ကျေးရွာအုပ်စု (၃၄) အုပ်စုမှ ကျေးရွာ (၅၃) ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု (၅) အုပ်စုမှ ကျေးရွာ (၆) ရွာ ပယ်ဖျက်ခြင်းတို့ကြောင့် မောင်တောမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၄၃/၂၀၁၃)

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းအရှေ့ကျေးရွာအုပ်စုနှင့် ကညွတ်ကွင်းအနောက်ကျေးရွာအုပ်စုရှိ ကျေးရွာ (၁၀) ရွာအား စုစည်း၍ ရပ်ကွက် (၄) ရပ်ကွက်ဖြင့် ကညွတ်ကွင်းမြို့အဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီးမြို့** | **ပြုပြင်ဖွဲ့စည်းပြီးရပ်ကွက်** |
|---|---|---|---|
| (၁) ကညွတ်ကွင်းအရှေ့ | (၁) ကညွတ်ကွင်းအရှေ့ | (၁) ကညွတ်ကွင်း | (၁) ကညွတ်ကွင်းအရှေ့ (၁) |
| | (၂) ဒေါ်မကွင်း | | (၂) ကညွတ်ကွင်းအရှေ့ (၂) |
| | (၃) ခင်တန်း | | (၃) ကညွတ်ကွင်းအနောက် (၁) |
| | (၄) ငနုသန်း | | (၄) ကညွတ်ကွင်းအနောက် (၂) |
| (၂) ကညွတ်ကွင်း (အနောက်) | (၁) ကညွတ်ကွင်း (အနောက်) | | |
| | (၂) မုန်တိုင်တဲစု | | |
| | (၃) ချောင်းနားစု | | |
| | (၄) သံတံတားကြီးစု | | |
| | (၅) ဂုံးတဲ | | |
| | (၆) ဆင်ဆိပ်ကြီး | | |

၂။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းအရှေ့ကျေးရွာအုပ်စုနှင့် ကညွတ်ကွင်းအနောက်ကျေးရွာအုပ်စုရှိ ကျေးရွာ (၁၀) ရွာအား စုစည်း၍ ရပ်ကွက် (၄) ရပ်ကွက်ဖြင့် ကညွတ်ကွင်းမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကညွတ်ကွင်းအရှေ့ကျေးရွာအုပ်စု၊ ကညွတ်ကွင်းအနောက်ကျေးရွာအုပ်စုနှင့် ၎င်းကျေးရွာအုပ်စု (၂) အုပ်စုအတွင်းရှိ ကျေးရွာ (၁၀) ရွာအား ပယ်ဖျက်ခြင်းတို့ကြောင့် ဖြူးမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၄၄/၂၀၁၃)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ သက္ကလကျေးရွာအုပ်စုမှ ကျေးရွာ (၃) ရွာအား စုစည်း၍ ရပ်ကွက် (၆) ရပ်ကွက်ဖြင့် သက္ကလမြို့အဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီးမြို့** | **ပြုပြင်ဖွဲ့စည်းပြီးရပ်ကွက်** |
|---|---|---|---|
| (၁) သက္ကလ | (၁) သက္ကလ | (၁) သက္ကလ | (၁) ကန်တော်မင်္ဂလာ |
| | (၂) ကန်ကုန်း | | (၂) အောင်မင်္ဂလာ |
| | (၃) ကျွဲတဲရိုး | | (၃) ဈေးကြီး |
| | | | (၄) ဘူတာ |

| မူလကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီးမြို့ | ပြုပြင်ဖွဲ့စည်းပြီးရပ်ကွက် |
|---|---|---|---|
| | | | (၅) မြို့မစံပြ |
| | | | (၆) ရွှေပြည်အေး |

၂။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ သက္ကလကျေးရွာအုပ်စုမှ ကျေးရွာ (၃) ရွာအား စုစည်း၍ ရပ်ကွက် (၆) ရပ်ကွက်ဖြင့် သက္ကလမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက္ကလကျေးရွာအုပ်စုနှင့် ၎င်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၃) ရွာအား ပယ်ဖျက်ခြင်းတို့ကြောင့် ကဝမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ကဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ရုံးအမိန့်အမှတ် (၁/၂၀၁၃)

မကွေးမြို့၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက် )

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အောက်ရှိ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး (အမှုဆောင်အရာရှိ)၊ ဦးနေမျိုးနိုင်အား အလုပ်ဝတ္တရား လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အဆင့်ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

နေရှင်း၊
ဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊
စည်ပင်သာယာရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေမှအဆက် ]**

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ဆောက်လုပ်မှုကဏ္ဍ**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရန်၊

(၂) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်းအကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်းတံတားများအဖြစ် တည်ဆောက်ရန်၊

(၃) ပြည်သူလူထုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်အရ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်းစနစ်ဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် နည်းပညာပိုင်း ပံ့ပိုးခြင်း၊ အတတ်ပညာပိုင်း အကူအညီပေးခြင်း၊ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ရန်၊

(၄) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပြည်တွင်းတွင် လမ်း/တံတားစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်ချေးငွေများဖြင့် လမ်း/တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့ ချေးငွေများ ရရှိအောင် ဆောင်ရွက်ရန်၊

(၅) ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်ကို အထောက်အကူပြုစေရန်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်ရန် လမ်း/တံတားများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန်၊

(၆) တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သော နေရေးအတွက် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများ၊ မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရန်၊

(၇) တိုင်းဒေသကြီးအဆင့် မြို့ပြမူဝါဒနှင့် အိမ်ရာမူဝါဒများ ပြုစုရန်၊

(၈) တိုင်းဒေသကြီးအဆင့် မြို့ပြနှင့်အိမ်ရာစစ်တမ်းကောက်ရန်၊

(၉) စီးပွားရေး၊ အုပ်ချုပ်ရေးအရ အရေးပါသည့် မန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံ၊ မိုးကုတ်၊ ညောင်ဦးမြို့များတွင် ဦးစားပေး၍ မြို့ပြစီမံကိန်း ရေးဆွဲ၍ တိုင်းဒေသကြီးအတွင်းရှိ ကျန်မြို့များအားလည်း မြို့ပြစီမံကိန်းရေးဆွဲရန်၊

(၁၀) အငှားချအိမ်ရာ (Rental House) နှင့် ဝယ်ယူနိုင်စွမ်းရှိသည့် အိမ်ရာစီမံကိန်းများကို မန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံ၊ မိုးကုတ်၊ ညောင်ဦးမြို့များတွင် ဦးစားပေး၍ မြို့ပြစီမံကိန်းရေးဆွဲ၍ ကျန်မြို့များကိုလည်း အိမ်ရာစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရန်၊

(၁၁) Urban Services and Infrastructure Upgrading in Urban Slum & Rural Area စီမံကိန်းကို မန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံ၊ မိုးကုတ်၊ ညောင်ဦးမြို့များတွင် ဦးစားပေး၍ရေးဆွဲရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလမ်းမကြီးများ (၂၄) လမ်းရှိပါသည်။ ၎င်းပြည်ထောင်စုလမ်းမကြီးများတွင် ကတ္တရာလမ်း (၈၄၇ မိုင် ၁ ဖာလုံ) ရှိ၍ ၎င်းကတ္တရာလမ်း

များကို (၁၂) ပေအကျယ်မှ (၁၈) ပေအကျယ်သို့လည်းကောင်း၊ (၁၈) ပေအကျယ်မှ (၂၄) ပေအကျယ်သို့လည်းကောင်း တိုးမြှင့်ဆောင်ရွက်ရေး၊ ၎င်းပြည်ထောင်စု လမ်းမကြီးများတွင် ကျောက်လမ်း (၈၉ မိုင် ၆ ဖာလုံ)၊ အမာခံလမ်း (၁၅ မိုင် ၃ ဖာလုံ)၊ မြေလမ်း (၂ မိုင် ၃ ဖာလုံ) ရှိပြီး ၎င်းကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်းများကို ကတ္တရာလမ်း အဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရေး၊

(၂) မန္တလေးတိုင်းဒေသကြီးအတွင်း ရန်ပုံငွေဖြင့်ဆောင်ရွက်သော လမ်းမှာ (၃၄) လမ်းရှိပါသည်။ ကတ္တရာလမ်း (၁၉၅ မိုင် ၁ ဖာလုံ) နှင့် ကျောက်လမ်း (၂၉ မိုင် ၄ ဖာလုံ) ရှိ၍ မြေလမ်း (၈ မိုင် ၂ ဖာလုံ) ရှိပါသည်။ တိုင်းဒေသကြီးလမ်းများအနက် ကတ္တရာလမ်းများကို (၁၂) ပေအကျယ်မှ (၁၈) ပေအကျယ်သို့လည်းကောင်း၊ (၁၈) ပေအကျယ်မှ (၂၄) ပေအကျယ်သို့လည်းကောင်း တိုးမြှင့်ဆောင်ရွက်ရေး၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်းများကို ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊

(၃) အဆိုပါလမ်းများပေါ်ရှိ တံတားကြီးငယ် (၃၉၁၄) စင်းကိုလည်း အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်ရေး၊

(၄) စီးပွားရေး၊ အုပ်ချုပ်ရေးအရ အရေးပါသည့် မန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံ၊ မိုးကုတ်၊ ညောင်ဦးမြို့များတွင် ဦးစားပေး၍ မြို့ပြစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွား၍ ကျန်မြို့များကိုလည်း မြို့ပြစီမံကိန်းများ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၅) အငှားချအိမ်ရာ (Rental House) နှင့် ဝယ်ယူနိုင်စွမ်းရှိသည့် အိမ်ရာစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ခြင်းကို ဦးစားပေး၍ မန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံ၊ မိုးကုတ်၊ ညောင်ဦးမြို့များတွင် ဆောင်ရွက်သွားပြီး ကျန်မြို့များတွင်လည်း အိမ်ရာစီမံကိန်း ရေးဆွဲဆောင်ရွက်ရေး၊

(၆) Urban Services and Infrastructure Upgrading in Urban Slum & Rural Area စီမံကိန်းများ ရေးဆွဲခြင်းကို မန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံ၊ မိုးကုတ်၊ ညောင်ဦးမြို့များတွင် ဆောင်ရွက်သွားပြီး ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလမ်းမကြီးများ (၂၄) လမ်းရှိပါသည်။ ၎င်းပြည်ထောင်စုလမ်းမကြီးများတွင် (၈၄၇ မိုင် ၁ ဖာလုံ) ရှိ၍ ၎င်းကတ္တရာလမ်းများကို (၁၂) ပေအကျယ်မှ (၁၈) ပေအကျယ်သို့လည်းကောင်း၊ (၁၈) ပေအကျယ်မှ (၂၄) ပေအကျယ်သို့လည်းကောင်း တိုးမြှင့်ဆောင်ရွက်မည်။ ၎င်းပြည်ထောင်စုလမ်းမကြီးများတွင် ကျောက်လမ်း (၈၉ မိုင် ၆ ဖာလုံ)၊ အမာခံလမ်း (၁၅ မိုင် ၃ ဖာလုံ)၊ မြေလမ်း (၂ မိုင် ၃ ဖာလုံ) ရှိပြီး ၎င်းကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်းများကို ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်မည်။

(၂) မန္တလေးတိုင်းဒေသကြီးအတွင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်းမှာ (၃၄) လမ်းရှိပါသည်။ ကတ္တရာလမ်း (၁၉၅ မိုင် ၁ ဖာလုံ) နှင့် ကျောက်လမ်း (၂၉ မိုင် ၄ ဖာလုံ) ရှိ၍ မြေလမ်း (၈ မိုင် ၂ ဖာလုံ) ရှိပါသည်။ တိုင်းဒေသကြီးလမ်းများအနက် ကတ္တရာလမ်းများကို (၁၂) ပေအကျယ်မှ (၁၈) ပေအကျယ်သို့လည်းကောင်း၊ (၁၈) ပေအကျယ်မှ (၂၄) ပေအကျယ်သို့လည်းကောင်း တိုးမြှင့်ဆောင်ရွက်မည်။ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်းများကို ကတ္တရာလမ်းသို့ အဆင့်မြှင့်တင် ဆောင်ရွက်မည်။

(၃) အဆိုပါ လမ်းများပေါ်ရှိ တံတားကြီးငယ် (၃၉၁၄) စင်းကိုလည်း အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်မည်။

(၄) လူဦးရေ (၁) သိန်းနှင့် (၁) သိန်းအထက်ရှိ မြို့ကြီးများ နိုင်ငံရေး၊ စီးပွားရေး အချက်အချာကျသည့် မြို့ကြီးများအား Town Plan and Village Plan များ ရေးဆွဲမည်။

(၅) တိုင်းဒေသကြီးအဆင့် မြို့ပြနှင့် အိမ်ရာစစ်တမ်းများကို မန္တလေးမြို့၌ ဦးစားပေးကောက်ယူ၍ မြို့ပြတိုးတက်မှုနှင့် အိမ်ရာလိုအပ်ချက်အား တွက်ချက်မည်။

(၆) အိမ်ရာလိုအပ်ချက် တွက်ချက်ရရှိမှုအပေါ် မူတည်၍ စီးပွားရေးအရ ဝယ်ယူနိုင်စွမ်း တွက်ချက်၍ လိုအပ်သော အငှားချအိမ်ရာ (သို့) တန်ဖိုးနည်း အိမ်ရာများအား ပြည်ထောင်စု အစိုးရနှင့် ပူးပေါင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်မည်။

(၇) မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် ရေရှည်စီမံကိန်းနှင့် အခြေခံအဆောက်အဦ လိုအပ်ချက်များအား စနစ်တကျရေးဆွဲဖော်ထုတ်မည်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ပို့ဆောင်ရေးကဏ္ဍ**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခေတ်နှင့်အညီ ခေတ်မီပို့ဆောင်ရေးစနစ် (ကုန်း၊ ရေ၊ လေ) ပေါ်ထွန်းရေးနှင့် သယ်ယူပို့ဆောင်ရေးစနစ် ထွန်းကားရန်၊

(၂) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စွာဖြင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်၊

(၃) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များအရ ပေါ်ပေါက်လာသော လူနှင့်ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များအနက်မှ ရထားဖြင့် ပို့ဆောင်ရန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် တိုးတက်မှုကို အထောက်အကူပြုရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်ပစ္စည်းများအား လိုအပ်သည့်ဒေသသို့ လိုအပ်သော ကုန်ပစ္စည်းအရေအတွက် အချိန်မီ ရောက်ရှိရေးနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများအား စီစဉ်ကြီးကြပ်ဆောင်ရွက်ရေး၊

(၂) ဒေသအတွင်း မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရေး၊ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးနှင့် ပံ့ပိုးဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ ဆက်စပ်၍ တိုင်းဒေသကြီး အတွင်း ပို့ကုန်/သွင်းကုန်များကို လိုအပ်သည့်အချိန်၊ လိုအပ်သည့်ဒေသသို့ အချိန်ကိုက် ပို့ဆောင်၍ ဝင်ငွေရရှိအောင် ဆောင်ရွက်မည်။

(၂) မြန်မာ့မီးရထားခရီးစဉ်များ အချိန်မှန်ပြေးဆွဲမည်။

(၃) ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရေယာဉ်များ ပြင်ဆင်မွမ်းမံပြီး ခရီးစဉ်မပျက် ပြေးဆွဲမည်။

(၄) ကုန်းလမ်းပို့ဆောင်ရေး ခရီးသည်တင်၊ ကုန်တင်ယာဉ်များ ပြင်ဆင်မွမ်းမံပြီး ခရီးစဉ်မပျက် ပြေးဆွဲမည်။

(၅) လေကြောင်းလိုင်းများ ခရီးစဉ်မပျက် ပြေးဆွဲမည်။

(၆) ပုဂ္ဂလိက ပို့ဆောင်ရေးယာဉ်များ တိုးချဲ့ပြေးဆွဲမည်။

၁၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ဆက်သွယ်ရေးကဏ္ဍ**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို အစိုးရ၏ဘတ်ဂျက်ငွေဖြင့် မှီခိုအသုံးပြုခြင်းမပြုတော့သည့် ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်ရေး၊ ဝင်ရောက်လာမည့် နိုင်ငံတကာဆက်သွယ်ရေး ဝန်ဆောင်မှုကုမ္ပဏီများနှင့် ယှဉ်ပြိုင်ဆောင်ရွက်ရန်၊

(၂) မိုဘိုင်းဖုန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြည်သူများသို့ အဆင့်ဆင့် ဈေးနှုန်း လျော့နည်း တပ်ဆင်ပေးနိုင်ရန်နှင့် ကျေးလက်နေပြည်သူများအထိ မိုဘိုင်းတယ်လီဖုန်းများ သုံးစွဲနိုင်ရေးဆောင်ရွက်ရန်၊

(၃) ကြေးနန်းလုပ်ငန်းများကို သတင်းအချက်အလက်နှင့် နည်းပညာဖြင့် တွဲဖက်၍ ဖွံ့ဖြိုးမှု နည်းပါးသည့် ဒေသများအတွက် အရန်ဆက်သွယ်ရေးစနစ်အဖြစ် ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ပြီး တယ်လီဖုန်းသိပ်သည်းဆကို ၂၇ ရာခိုင်နှုန်းအထိ လည်းကောင်း၊ အင်တာနက်ထိုးဖောက်မှုကို ၁၀ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက် သုံးစွဲနိုင်ရန် ဆောင်ရွက်ရေး၊

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် အင်တာနက်ဝန်ဆောင်မှုကို ပြည်သူများ စိတ်ကြိုက်ရွေးချယ် အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားအထောက်အပံ့ ချေးငွေများ ရယူလျက် GSM/ UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည့်အပြင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းအား နိုင်ငံတော်ငွေကို မှီခို အသုံးပြုခြင်းမရှိတော့သည့် ကော်ပိုရေးရှင်း အဖွဲ့အစည်းအဖြစ် ၂၀၁၃ ခုနှစ်တွင် ပြောင်းလဲဆောင်ရွက်ပြီး ဆက်သွယ်ရေး ကော်ပိုရေးရှင်း၏ ကိုယ်ပိုင်ရန်ပုံငွေများ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးငွေနှင့် အထောက်အပံ့များ နည်းပညာများရယူလျက် လုပ်ငန်းဆောင်ရွက်မည်။

(၂) နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော တယ်လီဖုန်းသိပ်သည်းဆ ၂၇ ရာခိုင်နှုန်းအထိ တိုးတက် ရရှိအောင် ဆောင်ရွက်မည်။

၁၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ဘဏ္ဍာရေးနှင့်အခွန်**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခွန်ကောက်ခံမှုစနစ်နှင့် အသေးစား ချေးငွေစနစ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) စီးပွားရေးလုပ်ငန်းများမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို သင့်တင့်သော အတိုး နှုန်းဖြင့် ဖြည့်ဆည်းပေးရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိုင်းဒေသကြီးအတွက် ရသင့်ရထိုက်သော အခွန်များလွတ်ကင်းမှုမရှိဘဲ အပြည့်အဝ ကောက်ခံရရှိရေးနှင့် ခေတ်မီတိုးတက်သည့် အခွန်ဌာနဖြစ်လာစေရန်နှင့် အခွန်ထမ်းပြည်သူများအား ကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများနှင့် အစိုးရအတွက် အားထားယုံကြည်လောက်သော အခွန်ဌာနအဖြစ် ပြုပြင်ပြောင်းလဲရေး၊

(၂) ငွေကြေးစီးဆင်းလည်ပတ်မှု တည်ငြိမ်ရေးအတွက် ပြည်သူပြည်သားများထံမှ အပ်ငွေများ စုဆောင်းမှု တိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် ကုန်ထုတ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများ အရှိန်အဟုန်မြင့် တိုးတက်အောင် နှစ်တို/နှစ်ရှည် နှစ်ချင်းဆပ်ချေးငွေများ ထုတ်ချေးဖြည့်ဆည်းပေးခြင်းတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ရေး၊

(၃) အခြေခံလူတန်းစားများ၏ စားဝတ်နေရေး ဖူလုံစေရေးအတွက် ငွေကြေးလိုအပ်ချက်အား အတိုးနှုန်းသက်သာစွာဖြင့် အထောက်အကူပြုစေရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် တိုင်းဒေသကြီး နယ်မြေအတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်မည်။

(၂) တိုင်းဒေသကြီးအတွက် ရသင့်ရထိုက်သော အခွန်များ လွတ်ကင်းမှုမရှိဘဲ အပြည့်အဝ ကောက်ခံရရှိရေး ဆောင်ရွက်မည်။

(၃) ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Banking Network များ လုပ်ငန်းစွမ်းရည်များ (Capacity) ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်၊

(၄) Micro Finance လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်။

၁၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ပညာရေး**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံသားကောင်းများ ပြုစုပျိုးထောင်ပေးရန်၊

(၂) မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ရန်၊

(၃) တစ်မျိုးသားလုံး ပညာရည်မြင့်မားရန်၊

(၄) တစ်သက်တာ လေ့လာသင်ယူသော ပညာရေးစနစ်နှင့် လူ့အဖွဲ့အစည်း ပေါ်ထွန်းရန်၊

(၅) ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာများ ပေါ်ထွန်းရန်၊

(၆) ဒီမိုကရေစီစနစ် ပြဌာန်းထွန်းကားရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာ တတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရေး၊

(၂) လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာ အခြေခံများ သင်ကြားပေးရေး၊

(၃) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်အထောက်အကူပြုသည့် စီးပွားရေးနယ်ပယ် အသီးသီးက လိုအပ်လျက်ရှိသည့် အလယ်အလတ်တန်းစား ကျွမ်းကျင်သူ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ခြင်းကို ဦးစားပေးဆောင်ရွက်ရေး၊

(၄) တက္ကသိုလ်များသည် တက္ကသိုလ်အင်္ဂါရပ်နှင့်ပြည့်စုံသော ပညာရပ်ဝန်းကျင်ကောင်းများ ဖြစ်လာစေရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည်။

(၂) အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းနေမြဲရေးလုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်မည်။

(၃) သင်ကြားမှု အရည်အသွေးမြင့်မားရေးနှင့် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း ဆရာ အတတ်ပညာ ဖွံ့ဖြိုးမှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်မည်။

(၄) ကျောင်းသား၊ ကျောင်းသူများ၏အရည်အသွေး မြှင့်တင်စေမည်။

(၅) နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး ဖော်ဆောင်စေမည်။

(၆) အင်္ဂလိပ်စာ သင်ကြားမှုမြှင့်တင်စေမည်။

(၇) စီးပွားရေးနှင့်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုရန်နှင့် လိုအပ်သော အလယ်အလတ် ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများကို တက္ကသိုလ်များမှ အချိန်တိုအတွင်း မွေးထုတ်ပေးနိုင်ရန်အတွက် စက်မှုသက်မွေးပညာရပ် လေ့ကျင့်သင်ကြားရေး (Technical Vocational Education Training; TVET) သင်တန်းများကို အခြားဝန်ကြီးဌာနများ၊ ပြည်ပလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု အစီအစဉ် (Human Resource Development Programme HRD) ဖြင့် သင်တန်းများ တိုးချဲ့ဖွင့်လှစ်မည်။

(၈) ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နိုင်သည့် ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာစေမည်။

(၉) နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်သည့် အရည်အချင်းပြည့်မီသည့် အတတ်ပညာရှင်များနှင့် အင်ဂျင်နီယာပညာရှင်များ ပေါ်ထွန်းလာစေမည်။

**ကျန်းမာရေး**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊

(၂) နိုင်ငံတော်၏ ဦးစားပေးကျန်းမာရေးပြဿနာများကို ဖြေရှင်းရန်၊

(၃) ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရန်၊

(၄) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက်ကောင်းမွန်စွာ ဖြစ်ပေါ်စေရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှ ရရှိခံစားနိုင်ရေး၊

(၂) ရောဂါများနှင့် ကျန်းမာရေးအခြေအနေများအား ပြည်သူ့ကျန်းမာရေး ပြဿနာများအဖြစ်သို့ ပေါ်ပေါက်လာခြင်း မရှိစေရေးအတွက် ကြိုတင်မျှော်မှန်း စီမံဆောင်ရွက်ရေးနှင့် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေသော ရောဂါနှင့် ကျန်းမာရေးအခြေအနေများ လျော့နည်းပပျောက်ရေး၊

(၃) မိခင်၊ မွေးကင်းစနှင့် ကလေးသူငယ်များ ဘဝသက်တမ်းတစ်လျှောက် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး၊

(၄) အခြေခံ အဓိကဆေးဝါးများ ကာကွယ်ဆေးနှင့် တိုင်းရင်းဆေးဝါးများကို လုံလောက်စွာ ရရှိစေရေးအတွက် ဆောင်ရွက်ရေး၊

(၅) အစားအသောက်ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချရေး၊ လုပ်ငန်းခွင်ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲလုပ်ငန်းများ တိုးချဲ့ရေးကို ဆောင်ရွက်ရေး၊

(၆) ပြည်သူအားလုံး၏ ဘဝသက်တမ်းတစ်လျှောက် ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များကို သိရှိလိုက်နာကျင့်သုံးနိုင်စေရေးနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရေး၊

(၇) ပြည်သူလူထု၏ ကျန်းမာရေး အဆင့်မြှင့်တင်ရာတွင် ကျန်းမာရေးနှင့်နှီးနွှယ်သော ဌာန အဖွဲ့အစည်းများ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊

(၈) ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာ ကျန်းမာရေးလုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရန် ဦးတည်ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျန်းမာရေးစီမံခန့်ခွဲမှု သတင်းစနစ် အားဖြည့်ဆောင်ရွက်ရေးအတွက် ကျန်းမာရေး သတင်းအချက်အလက်များ စနစ်တကျ ပြုစုရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေးနှင့် ခေတ်မီဆက်သွယ်ရေးနည်းပညာများ အသုံးပြုမည်။

(၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်။

(၃) ကူးစက်မဟုတ်သော ရောဂါများနှင့် ကျန်းမာရေးပြဿနာများ ကာကွယ်ထိန်းသိမ်းရေး၊ ထိရောက်သော ကုသမှုပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်။

(၄) ကျေးလက်/နယ်စပ်ဒေသနှင့် မြို့ပြ ဆင်ခြေဖုံးဒေသများတွင် ပဏာမကျန်းမာရေး စောင့်ရှောက်မှု နည်းလမ်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် လွှမ်းခြုံမှုမြှင့်တင်မည်။

(၅) မိခင်၊ မွေးကင်းစနှင့် ကလေးဘဝကာလများ အပါအဝင် ဘဝသက်တမ်းတစ်လျှောက် ရောဂါဖြစ်ပွားမှု၊ မသန်စွမ်းမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းလာစေမည်။

(၆) ကျောင်းသား၊ ကျောင်းသူ လူငယ်များ အပါအဝင် ပြည်သူလူထုနယ်ပယ်တွင် ကျန်းမာရေး အသိပညာ တိုးပွားရေးနှင့် လိုက်နာကျင့်သုံးမည်။

(၇) အဆင့်မီ ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများ ဥပဒေနှင့်အညီ ပေါ်ထွန်းရေးနှင့် အရည်အသွေး ထိန်းသိမ်းမည်။

(၈) အဓိကဆေးဝါး၊ အခြေခံဆေးဝါး၊ ကာကွယ်ဆေးများ၊ တိုင်းရင်းဆေးဝါးများ အလုံအလောက် ရရှိရေး၊ သိုလှောင်ရေး၊ ဖြန့်ဖြူးရေးများ စနစ်တကျဖြစ်စေမည်။

(၉) အရည်သွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ရေးနှင့် အစွမ်းထက်သော တိုင်းရင်းဆေးများ ဖော်ထုတ်အသုံးပြုမည်။

(၁၀) ကျန်းမာခြင်းကို အထောက်အကူဖြစ်စေသည့် အခြေအနေများကို တိုးတက်ကောင်းမွန်စေမည်။

(၁၁) ဝင်ငွေနည်း ပြည်သူလူထုအတွက် ပြည်သူလူထုအခြေပြု လူမှုကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ရေး ကျန်းမာရေးဖောင်ဒေးရှင်းများနှင့် အခြားသင့်လျော်သည့် အစီအစဉ်များ ဖြစ်ပေါ်လာစေရန် ကူညီဆောင်ရွက်မည်။

(၁၂) ကျန်းမာရေးနှင့် နှီးနွှယ်ဆက်စပ်နေသည့် ဌာနအဖွဲ့အစည်း ပုဂ္ဂလိကများနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်မည်။

(၁၃) ကျန်းမာရေးစွမ်းအားစုများအား အကျိုးရှိစွာ အသုံးချမည်။

**ယဉ်ကျေးမှု**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရန်၊

(၂) တိုင်းတစ်ပါး သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာခြင်းကို တားဆီးရန်၊

(၃) လူငယ်ထုအတွင်း ယဉ်ကျေးမှု ကိုယ်ခံအား ကောင်းမွန်စေရေးအတွက် ပြုစုပျိုးထောင်ရန်၊

(၄) သမိုင်းဝင် ရှေးဟောင်းဒေသများ အဆောက်အအုံများ ရှေးဟောင်းပစ္စည်းများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်၊

(၅) ပြည်သူလူထု၏ အတွေးအခေါ် အယူအဆ စိတ်နေသဘောထားများကို တိုးတက်ပြောင်းလဲနေသော ခေတ်နှင့်လျော်ညီအောင် လှုံ့ဆော်ပညာပေးရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အနုပညာဦးစီးဌာနတွင် အနုပညာမျိုးဆက်သစ်များအား လေ့ကျင့်ပျိုးထောင်ပေးသည့် အခြေခံကျောင်းဖြစ်သော အနုပညာအထက်တန်းကျောင်းများမှ အဆင့်မြင့် လေ့ကျင့်ပျိုးထောင်ပေးသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များအထိ အနုပညာရှင်မျိုးဆက်သစ်များကို လေ့ကျင့်မွေးထုတ်ပေးရေး၊

(၂) မြန်မာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဆိုင်ရာ အဆို၊ အက၊ အရေး၊ အတီးနှင့် ဆို၊ ငို၊ ပြော၊ ဇာတ်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့်နှင့် ဂန္ထဝင်ဇာတ်ကြီးများ၊ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအက တေးဂီတတို့ကို လေ့လာဖော်ထုတ်ထိန်းသိမ်းရေး၊

(၃) ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များ တိုးချဲ့တည်ဆောက်ဖွင့်လှစ်၍ ခင်းကျင်းပြသရေး လုပ်ငန်းများ သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မျိုးဆက်သစ်အနုပညာရှင်များ ပြုစုပျိုးထောင်ပေးမည်။

(၂) ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ဂူ၊ ဘုရား၊ နန်းတော်များ ထိန်းသိမ်းမည်။

(၃) တိုင်းဒေသကြီးအတွင်း စာရင်းကောက်ယူရန် ကျန်ရှိသည့် ရှေးဟောင်းအဆောက်အအုံများ စာရင်းကောက်ယူ ထိန်းသိမ်းမည်။

(၄) မြန်မာ့တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို တိုင်းဒေသကြီးအတွင်း ကျင်းပပြုလုပ်ခြင်းနှင့် ဗဟိုသို့ စွမ်းရည်ပြခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်းများ ဆောင်ရွက်မည်။

**အားကစား**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ ရောက်ရှိရန်၊

(၂) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး အမျိုးသားလှုပ်ရှားမှုများကို တစ်မျိုးသားလုံး စိတ်ဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားစေရန်၊

(၃) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်နှင့် အမျိုးသား အားကစားလှုပ်ရှားမှုများကို အဆင့်ဆင့် နှစ်အလိုက် တိုးမြှင့်ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အားကစားပြိုင်ပွဲများတွင် ထိုက်သင့်သည့် အောင်မြင်မှု ဆုတံဆိပ်ရရှိရေးအတွက် နိုင်ငံဂုဏ်ဆောင်နိုင်ကြမည့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ် လူငယ်လူရွယ် အားကစားသမားများကို အားသစ်လောင်းနိုင်ရန်အတွက် စနစ်တကျရွေးချယ်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားပညာပေးရေးလုပ်ငန်း ဆောင်ရွက်မည်။

(၂) နယ်မြေအနှံ့ လူငယ်မျိုးဆက်သစ် အားကစားသမားများ ရှာဖွေရွေးချယ် ဖော်ထုတ်ရေး လုပ်ငန်း ဆောင်ရွက်မည်။

(၃) အားကစားကွင်း၊ အားကစားရုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည်။

(၄) အားကစားနှင့်ကာယပညာသိပ္ပံလုပ်ငန်း ဆောင်ရွက်မည်။

(၅) အားကစားအလိုက် အားကစားအဆင့်အတန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်မည်။

၁၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် ခရီးသွားလုပ်ငန်း၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ခရီးသွားလုပ်ငန်း**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ခရီးသွားလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပခရီးသွားများ အဆင်ပြေချောမွေ့စွာ လက်ခံနိုင်ရေး၊ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရန်၊

(၂) ဟိုတယ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ဟိုတယ်ဇုန်အသစ်များ ဖော်ထုတ်ဆောင်ရွက်သွား၍ ခရီးသွားများ လုံခြုံမှု အပြည့်အဝရရှိစေရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝပတ်ဝန်းကျင်နှင့် ရိုးရာယဉ်ကျေးမှုနယ်မြေသစ်များ ဖော်ထုတ်ရန်၊ ခရီးသွားများ လုံခြုံချောမွေ့စေရန်နှင့် ခရီးသွားလမ်းညွှန်သင်တန်းများ ဖွင့်လှစ်၍ ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ရေး၊

(၂) ဟိုတယ်နှင့်စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားရေး၊ ခရီးသွားဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များ စနစ်တကျဖြစ်စေရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မန္တလေးတိုင်းဒေသကြီးတွင် ဟိုတယ်ဇုန်များ ထပ်မံဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ကူးတို့ဆိပ်ကျေးရွာအုပ်စု မန္တလေး-မြို့သာကားလမ်း၏ မြောက်ဘက် ဧရာဝတီမြစ်ကမ်းအထိ ဧရိယာမြေဧက (၃၀၀၀)ခန့်နေရာအား ဟိုတယ်ဇုန်အဖြစ် လျာထားဖော်ထုတ်မည်။

(၂) ပုဂံ၊ ညောင်ဦးဒေသတွင် ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်ဇုန် (၁)၊ (၂)၊ (၃)၊ (၄) တို့ရှိမြေနေရာများတွင် ဟိုတယ်များ ထပ်မံဆောက်လုပ်ခြင်းအပြင် ပုဂံ၊ ညောင်ဦးနှင့် ပုပ္ပါးဒေသတစ်ဝိုက်တွင် မြေနေရာများ ရှာဖွေ၍ ဟိုတယ်ဇုန်များ ဖော်ထုတ်နိုင်ရေး ဆောင်ရွက်မည်။

(၃) ဟိုတယ်များ ဝန်ဆောင်မှုကောင်းမွန်စေရေး အသေးစား အလတ်စား ဟိုတယ်များအဆင့်အတန်းမြင့်မားစေရန် ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်း နှီးနွှယ်ရာကဏ္ဍများတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်မည်။

၁၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ကုန်သွယ်မှုကဏ္ဍ**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသအတွင်း စားသုံးရန် ထုတ်လုပ်မှုအဆင့်မှ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှုအဆင့်အထိ စီးပွားကူးသန်းနိုင်ရန်၊

(၂) ဒေသထွက် ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ရန် (Value Added) ကုန်ချော အဆင့်မြှင့်ရန်၊

(၃) နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျ အကောင်အထည်ဖော်ရေး၊

(၂) ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် ပြည်တွင်းမှထုတ်လုပ်သော ထုတ်ကုန်အမျိုးမျိုး တိုးမြှင့်ဆောင်ရွက်ရေး၊

(၃) ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်တွင်းပြည်ပဈေးကွက် သတင်းအချက်အလက်များ ပို့ကုန်သွင်းကုန်နှင့် ပြည်တွင်းကုန်သွယ်မှုစာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ အသင်းအဖွဲ့များ ပါဝင်သော လုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်မည်။

(၂) ပို့ကုန်အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍတွင် စိုက်ပျိုးရေးအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်းများ ပဲခွဲစက်များ၊ ဆီစက်များ တည်ထောင်နိုင်ရေး၊ နည်းပညာနှင့် အရင်းအနှီးများ ရရှိရေးအတွက် ကူညီချိတ်ဆက်ပညာပေး ဆောင်ရွက်မည်။

(၃) ကုန်စည်ဒိုင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းဒေသကြီးအတွင်း အချက်အချာကျသော မြို့များ၌ ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်မည်။

(၄) အဓိက ပို့ကုန်များဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများနှင့် အလားအလာကောင်းသော ပို့ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အသင်းအဖွဲ့များ၊ အများပိုင်ကုမ္ပဏီများ၊ အထူးပြုကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်မည်။

(၅) ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ အခြားသော သက်ဆိုင်ရာဝန်ကြီးဌာနများ တိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပိုမို ပူးပေါင်းဆောင်ရွက်မည်။

(၆) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အားပေးမြှင့်တင် ဆောင်ရွက်မည်။

(၇) နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များ ကျယ်ပြန့်စွာနှင့် လွယ်ကူစွာ ပါဝင်လုပ်ကိုင်နိုင်ခွင့်ရရှိရေး၊ တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေးအတွက် ပုဂ္ဂလိကတစ်ဦးချင်းအား တစ်ဦးတည်းပိုင်လုပ်ငန်းများ မှတ်ပုံတင်စေ၍ နယ်စပ်ကုန်သွယ်မှု လုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်မည်။

(၈) ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်ဒေသ စက်မှုလက်မှုလုပ်ငန်းငယ်များ ဖွံ့ဖြိုးလာရေး ကူညီအားပေးဆောင်ရွက်မည်။

## အခန်း (၄)
## အထွေထွေ

၁၈။ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၁၉။ စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၂၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဖြစ်မြောက် နိုင်စွမ်းရှိ၊ မရှိ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိ၊ မရှိ ပြည်သူများအတွက် အကျိုးရှိ၊ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ရန် သဘောတူခွင့်ပြုချက် ရရှိထားပြီး သော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၂၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးဌာနများသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရ စီမံကိန်းဥပဒေ၊ ပူးတွဲ (၂) ဇယားတွင် ဖော်ပြထားသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၂။ ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

ပူးတွဲ (၁)

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

**တန်ဖိုး (ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၃၉၄၉၅၂.၂** | **၂၇.၀** | **၀.၉** | **၁၄၂၇၂၆၃.၀** | **၂၅.၈** | **၂.၃** |
| | ၁ | လယ်ယာ | ၁၁၉၅၇၁၄.၂ | ၂၃.၁ | ၀.၀၂ | ၁၂၁၅၈၇၂.၂ | ၂၂.၀ | ၁.၇ |
| | ၂ | သားငါး | ၁၉၄၈၆၁.၉ | ၃.၈ | ၆.၇ | ၂၀၇၁၃၃.၇ | ၃.၇ | ၆.၃ |
| | ၃ | သစ်တော | ၄၃၇၆.၁ | ၀.၁ | ၀.၄ | ၄၂၅၇.၁ | ၀.၁ | -၂.၇ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၅၂၂၂၁၉.၂** | **၂၉.၄** | **၁၀.၃** | **၁၆၅၃၂၆၉.၈** | **၂၉.၉** | **၈.၆** |
| | ၁ | စွမ်းအင် | ၂၄၇.၀ | ၀.၀ | -၄၆.၆ | ၃၅၂.၈ | ၀.၀ | ၄၂.၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၂၂၃၂.၄ | ၀.၈ | ၄.၈ | ၅၇၅၆၀.၃ | ၁.၀ | ၃၆.၃ |
| | ၃ | စက်မှုလက်မှု | ၁၁၄၇၈၅၇.၈ | ၂၂.၂ | ၁၁.၈ | ၁၂၅၆၅၀၆.၉ | ၂၂.၇ | ၉.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၃၁၅၄.၁ | ၁.၂ | ၁.၃ | ၆၉၂၆၇.၅ | ၁.၃ | ၉.၇ |
| | ၅ | ဆောက်လုပ်မှု | ၂၆၈၇၂၇.၉ | ၅.၂ | ၇.၃ | ၂၆၉၅၈၂.၃ | ၄.၉ | ၀.၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၂၅၁၆၇၄.၉** | **၄၃.၆** | **၈.၂** | **၂၄၄၈၄၇၁.၇** | **၄၄.၃** | **၈.၇** |
| | ၁ | ပို့ဆောင်ရေး | ၉၉၅၇၅၆.၅ | ၁၉.၃ | ၄.၂ | ၁၀၃၀၉၀၆.၇ | ၁၈.၆ | ၃.၅ |
| | ၂ | ဆက်သွယ်ရေး | ၁၃၉၅၂၇.၈ | ၂.၇ | ၁၀၄.၄ | ၂၁၀၉၃၉.၃ | ၃.၈ | ၅၁.၂ |
| | ၃ | ငွေရေးကြေးရေး | ၅၄၆၅.၀ | ၀.၁ | ၃.၃ | ၁၁၂၇၈.၂ | ၀.၂ | ၁၀၆.၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၆၀၈၀.၂ | ၁.၁ | ၀.၂ | ၇၂၈၅၈.၄ | ၁.၃ | ၂၉.၉ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၁၀၃၅၅၅.၄ | ၂.၀ | ၁၃.၉ | ၁၁၅၃၃၆.၇ | ၂.၁ | ၁၁.၄ |
| | ၆ | ကုန်သွယ်မှု | ၉၅၁၂၉၀.၀ | ၁၈.၄ | ၅.၀ | ၁၀၀၇၁၅၂.၄ | ၁၈.၂ | ၅.၉ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၁၆၈၈၄၆.၃** | **၁၀၀.၀** | **၆.၇** | **၅၅၂၉၀၀၄.၅** | **၁၀၀.၀** | **၇.၀** |

ပူးတွဲ (၂)

## မန္တလေးတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

**တန်ဖိုး (ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၉၁၇၁၇၁. ၄** | **၅၆. ၄** | **၅. ၆** | **၃၀၈၀၅၃၂. ၈** | **၅၅. ၇** | **၅. ၆** |
| | ၁ | လယ်ယာ | ၁၁၉၅၇၁၄. ၂ | ၂၃. ၁ | ၀. ၀၂ | ၁၂၁၅၈၇၂. ၂ | ၂၂. ၀ | ၁. ၇ |
| | ၂ | သားငါး | ၁၉၄၈၆၁. ၉ | ၃. ၈ | ၆. ၇ | ၂၀၇၁၃၃. ၇ | ၃. ၇ | ၆. ၃ |
| | ၃ | သစ်တော | ၄၃၇၆. ၁ | ၀. ၁ | ၀. ၄ | ၄၂၅၇. ၁ | ၀. ၁ | -၂. ၇ |
| | ၄ | စွမ်းအင် | ၂၄၇. ၀ | ၀. ၀ | -၄၆. ၆ | ၃၅၂. ၈ | ၀. ၀ | ၄၂. ၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၂၂၃၂. ၄ | ၀. ၈ | ၄. ၈ | ၅၇၅၆၀. ၃ | ၁. ၀ | ၃၆. ၃ |
| | ၆ | စက်မှုလက်မှု | ၁၁၄၇၈၅၇. ၈ | ၂၂. ၂ | ၁၁. ၈ | ၁၂၅၆၅၀၆. ၉ | ၂၂. ၇ | ၉. ၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၃၁၅၄. ၁ | ၁. ၂ | ၁. ၃ | ၆၉၂၆၇. ၅ | ၁. ၃ | ၉. ၇ |
| | ၈ | ဆောက်လုပ်မှု | ၂၆၈၇၂၇. ၉ | ၅. ၂ | ၇. ၃ | ၂၆၉၅၈၂. ၃ | ၄. ၉ | ၀. ၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၃၀၀၃၈၄. ၉** | **၂၅. ၂** | **၁၀. ၆** | **၁၄၄၁၃၁၉. ၃** | **၂၆. ၁** | **၁၀. ၈** |
| | ၁ | ပို့ဆောင်ရေး | ၉၉၅၇၅၆. ၅ | ၁၉. ၃ | ၄. ၂ | ၁၀၃၀၉၀၆. ၇ | ၁၈. ၆ | ၃. ၅ |
| | ၂ | ဆက်သွယ်ရေး | ၁၃၉၅၂၇. ၈ | ၂. ၇ | ၁၀၄. ၄ | ၂၁၀၉၃၉. ၃ | ၃. ၈ | ၅၁. ၂ |
| | ၃ | ငွေရေးကြေးရေး | ၅၄၆၅. ၀ | ၀. ၁ | ၃. ၃ | ၁၁၂၇၈. ၂ | ၀. ၂ | ၁၀၆. ၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၆၀၈၀. ၂ | ၁. ၁ | ၀. ၂ | ၇၂၈၅၈. ၄ | ၁. ၃ | ၂၉. ၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၀၃၅၅၅. ၄ | ၂. ၀ | ၁၃. ၉ | ၁၁၅၃၃၆. ၇ | ၂. ၁ | ၁၁. ၄ |
| **၃** | | **ကုန်သွယ်မှု** | **၉၅၁၂၉၀. ၀** | **၁၈. ၄** | **၅. ၀** | **၁၀၀၇၁၅၂. ၄** | **၁၈. ၂** | **၅. ၉** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | **၅၁၆၈၈၄၆. ၃** | **၁၀၀. ၀** | **၆. ၇** | **၅၅၂၉၀၀၄. ၅** | **၁၀၀. ၀** | **၇. ၀** |

ပူးတွဲ (၃)

## မန္တလေးတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( နှစ်အလိုက်ထုတ်လုပ်သူများ ဈေးနှုန်းအရဖြစ်ပါသည် )

**တန်ဖိုး (ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၄၉၈၈၄၂. ၁** | **၂၆. ၈** | **၄. ၅** | **၁၅၉၁၇၅၂. ၀** | **၂၆. ၁** | **၆. ၂** |
| | ၁ | လယ်ယာ | ၁၂၈၇၃၉၃. ၁ | ၂၃. ၀ | ၃. ၈ | ၁၃၅၈၉၅၉ | ၂၂. ၂ | ၅. ၆ |
| | ၂ | သားငါး | ၂၀၆၈၀၁. ၉ | ၃. ၇ | ၉. ၃ | ၂၂၈၁၄၃. ၁ | ၃. ၇ | ၁၀. ၃ |
| | ၃ | သစ်တော | ၄၆၄၇. ၁ | ၀. ၁ | ၁. ၅ | ၄၆၄၉. ၉ | ၀. ၁ | ၀. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၆၅၉၉၃၂. ၂** | **၂၉. ၇** | **၁၅. ၉** | **၁၈၆၂၁၀၁. ၇** | **၃၀. ၅** | **၁၂. ၂** |
| | ၁ | စွမ်းအင် | ၂၄၉. ၅ | ၀. ၀ | -၄၆. ၆ | ၃၅၆. ၄ | ၀. ၀ | ၄၂. ၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၆၀၀၄. ၆ | ၀. ၈ | ၈. ၇ | ၆၂၇၀၁. ၆ | ၁. ၀ | ၃၆. ၃ |
| | ၃ | စက်မှုလက်မှု | ၁၂၃၂၀၁၄. ၁ | ၂၂. ၀ | ၁၅. ၉ | ၁၄၀၃၄၅၄. ၃ | ၂၃. ၀ | ၁၃. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၉၂၁၂၄. ၈ | ၁. ၆ | ၃၈. ၈ | ၉၄၁၇၂. ၁ | ၁. ၅ | ၂. ၂ |
| | ၅ | ဆောက်လုပ်မှု | ၂၈၉၅၃၉. ၂ | ၅. ၂ | ၁၁. ၄ | ၃၀၁၄၁၇. ၃ | ၄. ၉ | ၄. ၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၄၃၈၅၆၅. ၇** | **၄၃. ၆** | **၁၁. ၈** | **၂၆၅၆၀၉၆. ၈** | **၄၃. ၅** | **၈. ၉** |
| | ၁ | ပို့ဆောင်ရေး | ၁၀၉၃၈၅၆ | ၁၉. ၅ | ၉. ၂ | ၁၁၆၇၀၄၃. ၁ | ၁၉. ၁ | ၆. ၇ |
| | ၂ | ဆက်သွယ်ရေး | ၁၀၉၀၃၃. ၆ | ၁. ၉ | ၅၉. ၈ | ၇၇၆၅၉. ၂ | ၁. ၃ | -၂၈. ၈ |
| | ၃ | ငွေရေးကြေးရေး | ၅၁၈၈. ၄ | ၀. ၁ | ၂. ၅ | ၈၇၃၉. ၅ | ၀. ၁ | ၆၈. ၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၆၀၈၀. ၂ | ၁. ၀ | ၀. ၂ | ၈၆၃၂၂. ၆ | ၁. ၄ | ၅၃. ၉ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၁၁၂၀၇၆. ၂ | ၂. ၀ | ၁၈. ၅ | ၁၂၉၇၅၈. ၈ | ၂. ၁ | ၁၅. ၈ |
| | ၆ | ကုန်သွယ်မှု | ၁၀၆၂၃၁. ၃ | ၁၉. ၀ | ၁၁. ၁ | ၁၁၈၆၅၇၃. ၆ | ၁၉. ၄ | ၁၁. ၇ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၅၉၇၃၄၀. ၀** | **၁၀၀. ၀** | **၁၀. ၉** | **၆၁၀၉၉၅၀. ၅** | **၁၀၀. ၀** | **၉. ၂** |

ပူးတွဲ (၄)

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**( နှစ်အလိုက်ထုတ်လုပ်သူများဈေးနှုန်းအရဖြစ်ပါသည် )**

**တန်ဖိုး (ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၁၅၈၇၇၄.၃** | **၅၆.၄** | **၁၀.၂** | **၃၄၅၃၈၅၃.၇** | **၅၆.၅** | **၉.၃** |
| | ၁ | လယ်ယာ | ၁၂၈၇၃၉၃.၁ | ၂၃.၀ | ၃.၈ | ၁၃၅၈၉၅၉.၀ | ၂၂.၂ | ၅.၆ |
| | ၂ | သားငါး | ၂၀၆၈၀၁.၉ | ၃.၇ | ၉.၃ | ၂၂၈၁၄၃.၁ | ၃.၇ | ၁၀.၃ |
| | ၃ | သစ်တော | ၄၆၄၇.၁ | ၀.၁ | ၁.၅ | ၄၆၄၉.၉ | ၀.၁ | ၀.၁ |
| | ၄ | စွမ်းအင် | ၂၄၉.၅ | ၀.၀ | -၄၆.၆ | ၃၅၆.၄ | ၀.၀ | ၄၂.၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၆၀၀၄.၆ | ၀.၈ | ၈.၇ | ၆၂၇၀၁.၆ | ၁.၀ | ၃၆.၃ |
| | ၆ | စက်မှုလက်မှု | ၁၂၃၂၀၁၄.၁ | ၂၂.၀ | ၁၅.၉ | ၁၄၀၃၄၅၄.၃ | ၂၃.၀ | ၁၃.၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၉၂၁၂၄.၈ | ၁.၆ | ၃၈.၈ | ၉၄၁၇၂.၁ | ၁.၅ | ၂.၂ |
| | ၈ | ဆောက်လုပ်မှု | ၂၈၉၅၃၉.၂ | ၅.၂ | ၁၁.၄ | ၃၀၁၄၁၇.၃ | ၄.၉ | ၄.၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၃၇၆၂၃၄.၄** | **၂၄.၆** | **၁၂.၃** | **၁၄၆၉၅၂၃.၂** | **၂၄.၁** | **၆.၈** |
| | ၁ | ပို့ဆောင်ရေး | ၁၀၉၃၈၅၆ | ၁၉.၅ | ၉.၂ | ၁၁၆၇၀၄၃.၁ | ၁၉.၁ | ၆.၇ |
| | ၂ | ဆက်သွယ်ရေး | ၁၀၉၀၃၃.၆ | ၁.၉ | ၅၉.၈ | ၇၇၆၅၉.၂ | ၁.၃ | -၂၈.၈ |
| | ၃ | ငွေရေးကြေးရေး | ၅၁၈၈.၄ | ၀.၁ | ၂.၅ | ၈၇၃၉.၅ | ၀.၁ | ၆၈.၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၆၀၈၀.၂ | ၁.၀ | ၀.၂ | ၈၆၃၂၂.၆ | ၁.၄ | ၅၃.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၁၂၀၇၆.၂ | ၂.၀ | ၁၈.၅ | ၁၂၉၇၅၈.၈ | ၂.၁ | ၁၅.၈ |
| **၃** | | **ကုန်သွယ်မှု** | **၁၀၆၂၃၃၁.၃** | **၁၉.၀** | **၁၁.၁** | **၁၁၈၆၅၇၃.၆** | **၁၉.၄** | **၁၁.၇** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | **၅၅၉၇၃၄၀.၀** | **၁၀၀.၀** | **၁၀.၉** | **၆၁၀၉၉၅၀.၅** | **၁၀၀.၀** | **၉.၂** |

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အကျိုးသက်ရောက်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင် အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီးဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် ကာလအတွင်း တိုင်းဒေသကြီး တစ်ခုလုံးအတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်း ထားသည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်း နှင့်ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍများကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စု ဖွဲ့စည်း၍ သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ် ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) တို့လည်း ပါဝင်သည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မကွေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ ကျပ်သန်း ၄၇၈၀၆၅၁. ၆ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အပေါ် ၈. ၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၀၈ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ကျပ်သန်း ၁၈၅၉၆၈၂. ၇ ဖြစ်ပြီး ၂. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ကျပ်သန်း ၂၇၂၉၀၀. ၇ ဖြစ်ပြီး ၇. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ကျပ်သန်း ၈၈၃၅. ၃ ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိသဖြင့် ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါက (-) ၅. ၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ကျပ်သန်း ၂၁၅၇၉. ၀ ဖြစ်ပြီး ၃၂. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ကျပ်သန်း ၃၈၄၂. ၂ ဖြစ်ပြီး ၃. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ကျပ်သန်း ၉၁၂၄၄၂. ၄ ဖြစ်ပြီး ၁၂. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကျပ်သန်း ၁၆၈၇၅. ၃ ဖြစ်ပြီး ၅၆. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ကျပ်သန်း ၂၂၄၄၀၀. ၈ ဖြစ်ပြီး ၄. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ကျပ်သန်း ၂၇၃၈၆၈. ၂ ဖြစ်ပြီး ၁၅. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ကျပ်သန်း ၁၄၃၃၇၃. ၉ ဖြစ်ပြီး ၁၁၁. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ကျပ်သန်း ၃၁၃၇. ၇ ဖြစ်ပြီး ၇၁. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ကျပ်သန်း ၇၄၄၈၄. ၂ ဖြစ်ပြီး ၁၀. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ကျပ်သန်း ၇၉၆၉၄. ၅ ဖြစ်ပြီး ၁၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ကျပ်သန်း ၈၈၅၃၄. ၇ ဖြစ်ပြီး ၅. ၃ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) မကွေးတိုင်းဒေသကြီး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄၇. ၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄၄. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၃. ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၄. ၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၉. ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၀. ၅ ရာခိုင်နှုန်း သို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၈၀၇၀၁၂.၀ လျာထားပြီး နိုင်ငံပိုင်ကဏ္ဍမှ ကျပ်သန်း ၁၉၁၉၇၉.၀ အချိုးအစားဖြင့် ၂၃.၈ ရာခိုင်နှုန်း၊ သမဝါယမပိုင်ကဏ္ဍမှ ကျပ်သန်း ၅၁.၀ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍမှ ကျပ်သန်း ၆၁၄၉၈၂.၀ အချိုးအစားအားဖြင့် ၇၆.၂ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံရန်၊

(င) လူတစ်ဦးစီ၏ ပျမ်းမျှ အသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP) မှာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျပ် ၈၃၃၁၉၀ ရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကျပ် ၉၄၈၁၆၂ သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း (၃)

## အထွေထွေ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာ ဆန်းစစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၅။ စီမံကိန်းရည်မှန်းချက်များကို ပူးတွဲဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) တို့ဖြင့် ဖော်ပြထားရာ ယင်းရည်မှန်းချက်များကို တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များက အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ ဌာနအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲထုတ်ပြန်နိုင်သည်။

၆။ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဌာနများ၊ ဒေသအလိုက် အကောင်အထည်ဖော်သည့် စီမံကိန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရလက်ထက် အကောင်အထည်ဖော်သည့် စီမံကိန်းများကိုလည်းကောင်း ဆက်ခံ၍ လက်ခံစဉ်းစားရမည်။ ထိုစီမံကိန်းများအား လေ့လာဆန်းစစ်၍ ပြည်သူလူထု အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်နိုင်သည်။

၇။ စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ တိုင်းဒေသကြီးစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဌာနအလိုက်၊ ဒေသအလိုက် ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အောင်မြင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်စေရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ၊
ဝန်ကြီးချုပ်၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

ပူးတွဲဇယား (၁)

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**( ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | လယ်ယာကဏ္ဍကြီး | ၂၀၇၇၆၂၆. ၄ | ၄၇. ၀ | ၂. ၈ | ၂၁၄၁၄၁၈. ၇ | ၄၄. ၈ | ၃. ၁ |
| ၂ | စက်မှုလက်မှုကဏ္ဍကြီး | ၁၀၅၉၆၅၅. ၀ | ၂၃. ၉ | ၁၃. ၆ | ၁၁၇၉၁၃၉. ၇ | ၂၄. ၇ | ၁၁. ၃ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၂၈၇၆၃၄. ၇ | ၂၉. ၁ | ၁၁. ၄ | ၁၄၆၀၀၉၃. ၂ | ၃၀. ၅ | ၁၃. ၄ |
| ၄ | **အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄၄၂၄၉၁၆. ၁** | **၁၀၀. ၀** | **၇. ၇** | **၄၇၈၀၆၅၁. ၆** | **၁၀၀. ၀** | **၈. ၀** |

ပူးတွဲဇယား (၂)

## မကွေးတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၀၇၇၆၂၆. ၄** | **၄၇. ၀** | **၂. ၈** | **၂၁၄၁၄၁၈. ၇** | **၄၄. ၈** | **၃. ၁** |
| | ၁ | လယ်ယာ | ၁၈၁၄၆၅၂. ၇ | ၄၁. ၀ | ၂. ၅ | ၁၈၅၉၆၈၂. ၇ | ၃၈. ၉ | ၂. ၅ |
| | ၂ | သားငါး | ၂၅၃၆၆၉. ၈ | ၅. ၇ | ၅. ၁ | ၂၇၂၉၀၀. ၇ | ၅. ၇ | ၇. ၆ |
| | ၃ | သစ်တော | ၉၃၀၃. ၉ | ၀. ၂ | ၀. ၅ | ၈၈၃၅. ၃ | ၀. ၂ | -၅. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၀၅၉၆၅၅. ၀** | **၂၃. ၉** | **၁၃. ၆** | **၁၁၇၉၁၃၉. ၇** | **၂၄. ၇** | **၁၁. ၃** |
| | ၁ | စွမ်းအင် | ၁၆၂၈၇. ၉ | ၀. ၄ | ၂. ၇ | ၂၁၅၇၉. ၀ | ၀. ၄ | ၃၂. ၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၇၂၉. ၃ | ၀. ၁ | ၆. ၄ | ၃၈၄၂. ၂ | ၀. ၁ | ၃. ၀ |
| | ၃ | စက်မှုလက်မှု | ၈၁၃၈၅၀. ၄ | ၁၈. ၄ | ၁၁. ၇ | ၉၁၂၄၄၂. ၄ | ၁၉. ၁ | ၁၂. ၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၀၇၅၅. ၆ | ၀. ၂ | ၃. ၆ | ၁၆၈၇၅. ၃ | ၀. ၄ | ၅၆. ၉ |
| | ၅ | ဆောက်လုပ်မှု | ၂၁၅၀၃၁. ၈ | ၄. ၉ | ၂၃. ၁ | ၂၂၄၄၀၀. ၈ | ၄. ၇ | ၄. ၄ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၂၈၇၆၃၄. ၇** | **၂၉. ၁** | **၁၁. ၄** | **၁၄၆၀၀၉၃. ၂** | **၃၀. ၅** | **၁၃. ၄** |
| | ၁ | ပို့ဆောင်ရေး | ၂၃၈၂၄၇. ၂ | ၅. ၃ | ၁၃. ၅ | ၂၇၃၈၆၈. ၂ | ၅. ၇ | ၁၅. ၀ |
| | ၂ | ဆက်သွယ်ရေး | ၆၇၉၃၁. ၆ | ၁. ၅ | ၂၀၀. ၇ | ၁၄၃၃၇၃. ၉ | ၃. ၀ | ၁၁၁. ၁ |
| | ၃ | ငွေရေးကြေးရေး | ၁၈၂၄. ၉ | ၀. ၀ | ၁၄. ၆ | ၃၁၃၇. ၇ | ၀. ၁ | ၇၁. ၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၇၃၉၁. ၅ | ၁. ၅ | ၁၆. ၃ | ၇၄၄၈၄. ၂ | ၁. ၅ | ၁၀. ၅ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၇၁၁၈၄. ၈ | ၁. ၆ | ၁၅. ၂ | ၇၉၆၉၄. ၅ | ၁. ၇ | ၁၂. ၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၈၄၁၀၅၄. ၇ | ၁၉. ၀ | ၄. ၉ | ၈၈၅၅၃၄. ၇ | ၁၈. ၅ | ၅. ၃ |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | **၄၄၂၄၉၁၆. ၁** | **၁၀၀. ၀** | **၇. ၇** | **၄၇၈၀၆၅၁. ၆** | **၁၀၀. ၀** | **၈. ၀** |

ပူးတွဲဇယား (၃)

## မကွေးတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၁၃၇၂၈၁. ၄** | **၇၀. ၉** | **၆. ၂** | **၃၃၂၀၅၅၈. ၄** | **၆၉. ၅** | **၅. ၈** |
| | ၁ | လယ်ယာ | ၁၈၁၄၆၅၂. ၇ | ၄၁. ၀ | ၂. ၅ | ၁၈၅၉၆၈၂. ၇ | ၃၈. ၉ | ၂. ၅ |
| | ၂ | သားငါး | ၂၅၃၆၆၉. ၈ | ၅. ၇ | ၅. ၁ | ၂၇၂၉၀၀. ၇ | ၅. ၇ | ၇. ၆ |
| | ၃ | သစ်တော | ၉၃၀၃. ၉ | ၀. ၂ | ၀. ၅ | ၈၈၃၅. ၃ | ၀. ၂ | -၅. ၀ |
| | ၄ | စွမ်းအင် | ၁၆၂၈၇. ၉ | ၀. ၄ | ၂. ၇ | ၂၁၅၇၉. ၀ | ၀. ၄ | ၃၂. ၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၇၂၉. ၃ | ၀. ၁ | ၆. ၄ | ၃၈၄၂. ၂ | ၀. ၁ | ၃. ၀ |
| | ၆ | စက်မှုလက်မှု | ၈၁၃၈၅၀. ၄ | ၁၈. ၄ | ၁၁. ၇ | ၉၁၂၄၄၂. ၄ | ၁၉. ၁ | ၁၂. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၀၇၅၅. ၆ | ၀. ၂ | ၃. ၆ | ၁၆၈၇၅. ၃ | ၀. ၄ | ၅၆. ၉ |
| | ၈ | ဆောက်လုပ်မှု | ၂၁၅၀၃၁. ၈ | ၄. ၉ | ၂၃. ၁ | ၂၂၄၄၀၀. ၈ | ၄. ၇ | ၄. ၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၄၄၆၅၈၀. ၀** | **၁၀. ၁** | **၂၆. ၂** | **၅၇၄၅၅၈. ၅** | **၁၂. ၀** | **၂၈. ၇** |
| | ၁ | ပို့ဆောင်ရေး | ၂၃၈၂၄၇. ၂ | ၅. ၄ | ၁၃. ၅ | ၂၇၃၈၆၈. ၂ | ၅. ၇ | ၁၅. ၀ |
| | ၂ | ဆက်သွယ်ရေး | ၆၇၉၃၁. ၆ | ၁. ၅ | ၂၀၀. ၇ | ၁၄၃၃၇၃. ၉ | ၃. ၀ | ၁၁၁. ၁ |
| | ၃ | ငွေရေးကြေးရေး | ၁၈၂၄. ၉ | ၀. ၁ | ၁၄. ၆ | ၃၁၃၇. ၇ | ၀. ၁ | ၇၁. ၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၇၃၉၁. ၅ | ၁. ၅ | ၁၆. ၃ | ၇၄၄၈၄. ၂ | ၁. ၅ | ၁၀. ၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၇၁၁၈၄. ၈ | ၁. ၆ | ၁၅. ၂ | ၇၉၆၉၄. ၅ | ၁. ၇ | ၁၂. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈၄၁၀၅၄. ၇** | **၁၉. ၀** | **၄. ၉** | **၈၈၅၅၃၄. ၇** | **၁၈. ၅** | **၅. ၃** |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | **၄၄၂၄၉၁၆. ၁** | **၁၀၀. ၀** | **၇. ၇** | **၄၇၈၀၆၅၁. ၆** | **၁၀၀. ၀** | **၈. ၀** |

ပူးတွဲဇယား (၄)

**နှစ်အလိုက် ဈေးနှုန်းများအရ မကွေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး ရည်မှန်းချက်များ။** ။ နှစ်အလိုက် ထုတ်လုပ်သူများ၏ ဈေးနှုန်းအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး စီမံကိန်းတွင် ဖြစ်ပေါ်လာရန် ရည်မှန်းထားသည့် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

## မကွေးတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( နှစ်အလိုက်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | |
|---|---|---|---|---|---|
| | | | တန်ဖိုး | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၃၇၁၀၆၂. ၂** | **၃၈၄၉၃၆၂. ၅** | **၁၄. ၂** |
| | ၁ | လယ်ယာ | ၁၉၅၅၀၆၈. ၇ | ၂၀၈၅၅၂၃. ၀ | ၆. ၇ |
| | ၂ | သားငါး | ၂၆၉၆၅၆. ၃ | ၃၀၁၄၅၃. ၉ | ၁၁. ၈ |
| | ၃ | သစ်တော | ၉၇၁၁. ၆ | ၉၅၉၅. ၈ | -၁. ၂ |
| | ၄ | စွမ်းအင် | ၁၆၄၆၄. ၅ | ၁၀၅၉၆၇. ၈ | ၅၄၃. ၆ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၆၂၅. ၆ | ၃၇၃၅. ၄ | ၃. ၀ |
| | ၆ | စက်မှုလက်မှု | ၈၈၂၇၆၇. ၉ | ၁၀၈၅၄၅၈. ၇ | ၂၃. ၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၃၉၇၉. ၁ | ၂၂၇၆၅. ၁ | ၆၂. ၉ |
| | ၈ | ဆောက်လုပ်မှု | ၂၁၉၇၈၈. ၅ | ၂၃၄၈၆၂. ၈ | ၆. ၉ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၄၆၅၅၅၅. ၂** | **၅၅၁၇၁၀. ၆** | **၁၈. ၅** |
| | ၁ | ပို့ဆောင်ရေး | ၂၇၂၉၉၁. ၇ | ၃၂၇၁၅၇. ၂ | ၁၉. ၈ |
| | ၂ | ဆက်သွယ်ရေး | ၄၇၉၅၈. ၂ | ၄၆၆၀၈. ၁ | -၂. ၈ |
| | ၃ | ငွေရေးကြေးရေး | ၁၆၁၅. ၅ | ၂၄၃၁. ၀ | ၅၀. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၇၃၉၁. ၅ | ၈၈၂၄၈. ၉ | ၃၀. ၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၇၅၅၉၈. ၃ | ၈၇၂၆၅. ၄ | ၁၅. ၄ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၉၃၉၂၂၈. ၆** | **၁၀၈၄၂၅၄. ၅** | **၁၅. ၄** |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | **၄၇၇၅၈၄၆. ၀** | **၅၄၈၅၃၂၇. ၆** | **၁၄. ၉** |

ပူးတွဲဇယား (၅)

**ပိုင်ဆိုင်မှုကဏ္ဍအလိုက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များ။** ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်ကို ပိုင်ဆိုင်မှုအခန်းကဏ္ဍအလိုက် ခွဲခြား၍ အောက်ပါ ဇယားတွင် ဖော်ပြအပ်ပါသည်။

## မကွေးတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက် ပိုင်ဆိုင်မှုအခန်းကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်များ

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင်ကဏ္ဍ | ၁၈၅၄၈၉ | ၂၆. ၀ | ၁၉၁၉၇၉ | ၂၃. ၈ |
| ၂ | သမဝါယမပိုင်ကဏ္ဍ | ၅၉ | ၀. ၀၁ | ၅၁ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင်ကဏ္ဍ | ၅၂၉၁၂၇ | ၇၄. ၀ | ၆၁၄၉၈၂ | ၇၆. ၂ |
| | **စုစုပေါင်း** | **၇၁၄၆၇၅** | **၁၀၀. ၀** | **၈၀၇၀၁၂** | **၁၀၀. ၀** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် ( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၃**
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ သံတမန်ရေးရာဌာနကြီးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) နေရာတွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းအား ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ (၁) နှစ် အစမ်းတိုးမြှင့် ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အမိန့်ကြော်ငြာစာ (၂၃/၂၀၁၃)**
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်/အမည် (၄၃/မင်္ဂလာ)၊ ဦးပိုင်အမှတ် (၄၃)၊ မြေဧရိယာ **(၀. ၇၅၃)** ဧကရှိမြေအား **“သီရိမင်္ဂလာပုံကျောင်း”** အခွန်လွတ် သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၄/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက် )

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခန်ကျေးရွာ၊ ကွင်းအမှတ်/အမည် - (OSS/တာမခန်)၊ ဦးပိုင်အမှတ် (N-၂)၊ **မြေဧရိယာ (၆. ၂၇) ဧက**ရှိမြေအား **ဘုရားကျွန်းစေတီ** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၅/၂၀၁၃)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခန်ကျေးရွာ၊ ကွင်းအမှတ်/အမည် - (OSS/တာမခန်)၊ ဦးပိုင်အမှတ် (N-၁)၊ **မြေဧရိယာ (၁. ၉၃) ဧက**ရှိမြေအား **တာမခန်ရွာမကျောင်း (ကုသလာရာမကျောင်း)** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၆/၂၀၁၃)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခန်ကျေးရွာ၊ ကွင်းအမှတ်/အမည် - (OSS/တာမခန်)၊ ဦးပိုင်အမှတ် (N-၄)၊ **မြေဧရိယာ (၄၁. ၉၅) ဧက**ရှိမြေအား **ဓမ္မမာမကသီလရှင်စာသင်တိုက်** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက် )

အမှတ် ၅၀/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိမှ ကြိုတင်သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | သန်းထွန်း | ကြည်း ၆၅၈၉၂ | (၁-၅-၂၀၁၃) |
| (၂) | ကျော်သိန်း | ကြည်း ၆၅၈၉၃ | (၁-၅-၂၀၁၃) |

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၃) | မောင်မောင် | ကြည်း ၆၅၈၉၄ | (၂-၅-၂၀၁၃) |
| (၄) | ခင်မောင်မြင့် | ကြည်း ၆၅၈၉၅ | (၄-၅-၂၀၁၃) |
| (၅) | ကြည်မြ | ကြည်း ၆၅၈၉၆ | (၆-၅-၂၀၁၃) |
| (၆) | ဝင်းရှိန် | ကြည်း ၆၅၈၉၇ | (၇-၅-၂၀၁၃) |
| (၇) | အောင်သန်း | ကြည်း ၆၅၈၉၈ | (၈-၅-၂၀၁၃) |
| (၈) | လှမောင် | ကြည်း ၆၅၈၉၉ | (၉-၅-၂၀၁၃) |
| (၉) | စိန်ဝင်း | ကြည်း ၆၅၉၀၀ | (၁၀-၅-၂၀၁၃) |
| (၁၀) | စိန်မြိုင် | ကြည်း ၆၅၉၀၁ | (၁၁-၅-၂၀၁၃) |
| (၁၁) | စောလှိုင် | ကြည်း ၆၅၉၀၂ | (၁၁-၅-၂၀၁၃) |
| (၁၂) | စောထူးဝါး | ကြည်း ၆၅၉၀၃ | (၁၂-၅-၂၀၁၃) |
| (၁၃) | တင်ဌေး | ကြည်း ၆၅၉၀၄ | (၁၂-၅-၂၀၁၃) |
| (၁၄) | မောင်မောင် | ကြည်း ၆၅၉၀၅ | (၁၂-၅-၂၀၁၃) |
| (၁၅) | နိုင်းမောင်း | ကြည်း ၆၅၉၀၆ | (၁၄-၅-၂၀၁၃) |
| (၁၆) | သန်းရွှေ | ကြည်း ၆၅၉၀၇ | (၁၄-၅-၂၀၁၃) |

**(ကြည်းတပ်ဌာနခွဲ)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက် )

အမှတ် ၅၈/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | စိန်မင်း | ကြည်း ၆၅၉၁၂ | (၂၉-၅-၂၀၁၃) |
| (၂) | မောင်မောင် | ကြည်း ၆၅၉၁၃ | (၃၀-၅-၂၀၁၃) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## မြေတိုင်းဦးစီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက် )

အမှတ် ၂ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ဆ) (၅) (၄၂၉/၂၀၁၃) ဖြင့် ခွင့်ပြုချက်အရ မြေတိုင်းဦးစီးဌာန၊ မြေပုံထုတ်လုပ်ရေးဌာနခွဲ၊ ရန်ကုန်မြို့မှ ညွှန်ကြားရေးမှူး ဦးသန်းကျော်အား မြေတိုင်းဦးစီးဌာန၊ လေ့ကျင့်သင်ကြားရေးနှင့် အမှတ် (၁) မြေတိုင်းဌာနခွဲ၊ ပြင်ဦးလွင်မြို့သို့ ညွှန်ကြားရေးမှူးရာထူးဖြင့် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက် )

အမှတ် ၃ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၇)/(၅၅၂/၂၀၁၃) ဖြင့် ခွင့်ပြုချက်အရ မြေတိုင်းဦးစီးဌာန၊ ကောင်းကင်မြေတိုင်းနှင့်ဓာတ်ပုံဌာနခွဲ၊ ရန်ကုန်မြို့၌ လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူးရာထူးနေရာသို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပြောင်းရွှေ့ရောက်ရှိလာသော ညွှန်ကြားရေးမှူး ဦးတင်ဝင်းအား ညွှန်ကြားရေးမှူးရာထူးဖြင့် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ တာဝန်ထမ်းဆောင်စေလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

အမှတ် ၄ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ဆ) (၇)/(၆၂၈/၂၀၁၃) ဖြင့် ခွင့်ပြုချက်အရ မြေတိုင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဌာနခွဲများသို့ ညွှန်ကြားရေးမှူးရာထူးဖြင့် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိဌာနခွဲ** | **ပြောင်းရွှေ့တာဝန်ချထားသည့်ဌာနခွဲ** |
|---|---|---|---|
| ၁။ | ဦးသက်ဦး | ဘူမိပမာဏနှင့် အမှတ် (၂) မြေတိုင်းဌာနခွဲ နေပြည်တော် | နယ်နိမိတ်တိုင်းတာရေးနှင့် မြို့ပြဆောက်လုပ်ရေးမြေတိုင်းဌာနခွဲ နေပြည်တော် |
| ၂။ | ဦးသိန်းနိုင် | မြေပုံထုတ်လုပ်ရေးဌာနခွဲ ရန်ကုန် | ဘူမိပမာဏနှင့် အမှတ် (၂) မြေတိုင်းဌာနခွဲ နေပြည်တော် |

သန်းလှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
မြေတိုင်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**ဒိုးပျံ ကုမ္ပဏီလီမိတက်**

**Rocket Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၅-၈-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၃၉၆)၊ ရွှေဘုံသာလမ်း (အထက်)၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)

အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)

**လှုပ်ရှားတက်ကြွသောမြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**Dynamic Myanmar Construction Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၅-၈-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၄၄)၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)

**အထွန့်အထိပ် ဝန်ဆောင်မှုအပြည့်ပြည့်ဆိုင်ရာလီမိတက်**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**အထွန့်အထိပ် ဝန်ဆောင်မှုအပြည့်ပြည့်ဆိုင်ရာလီမိတက်**၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် အမှတ် (၃၇၅/ဒီ)၊ ရွှေနှင်းဆီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ (၂၁၀)
B.Com., C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ZIN & FRIENDS AUDIT FIRM

## နေလရိပ် ကုမ္ပဏီလီမိတက်
## NAY LA YEIK COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ

၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နေလရိပ် ကုမ္ပဏီလီမိတက် (NAY LA YEIK COMPANY LIMITED)** အား (၂၅-၆-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ (၁) လအတွင်း ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Khin Thazin Win
Director
Nay La Yeik Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ပန်း ၆ ပွင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## Flower Six Trading Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ပန်း ၆ ပွင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**အား (၃-၇-၂၀၁၃) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု **[B.Com (Q), C.P.A]** အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၅-၈-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ညီဝင်း
မန်နေးဂျင်းဒါရိုက်တာ
ပန်း ၆ ပွင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၅-၇-၂၀၁၃။